# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 14 December 2023 ၁၁၃၀၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

## အမျိုးဘာသာ၊ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပြီး နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များ ဆက်လက်ရေးသားဖွဲ့ဆို

နေပြည်တော် ဒီဇင်ဘာ ၁၃

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

**ဟိုဆေးရာမို့စ်ဟော်တာဆိုသူ တီမောလက်စတေ သမ္မတကြီးအား သိစေချင်ပါသည်**


ဆောင်းပါး စာမျက်နှာ » ၈


**လူငယ်တွေအနေနဲ့ မြန်မာစာပေကို ချစ်မြတ်နိုးပါ။ မြန်မာဆိုတာ ကိုယ့်စာကို မြတ်နိုးမှုဖြစ်မှာပါ။ စည်းကမ်းတကျဖြစ်အောင်လုပ်ပါ။ မြန်မာစာရဲ့အခြေအမြစ်က စာလုံးပေါင်းသတ်ပုံ မှန်မှန်ကန်ကန်ဖြစ်ဖို့နဲ့ မြန်မာတွေဖြစ်တဲ့အတွက်ကြောင့် မြန်မာစာကို အခြေခံကစပြီးလေ့လာစေချင်ပါတယ်။**


တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၁





ကြေးမုံ

# အင်အားတောင့်တင်းခိုင်မာသည့် စွမ်းရည်ရှိသော တပ်မတော်

တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသည့် ကျစ်လျစ်ခိုင်မာတောင့်တင်းသော တပ်မတော်ဖြစ်စေရန် “စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်”ဆိုသည့် စွမ်းရည်သုံးရပ်ပြည့်ဝစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စွမ်းရည်သုံးရပ် ပြည့်ဝစေရန်အတွက် တပ်တိုင်း ရဲဘော်တိုင်းတွင် ရှိရမည့် အခြေခံအရည်အချင်းငါးပါးဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ်ပြည့်ဝနေစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စွမ်းရည်သုံးရပ်သည် အပြန်အလှန်ချိတ်ဆက်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ပြည့်စုံကောင်းမွန်မှုမှတစ်ဆင့် စစ်ရေးစွမ်းရည် တိုးတက်အောင်မြင်ခြင်းနှင့် စည်းရုံးရေးစွမ်းရည်လည်း ပိုမိုခိုင်မာလာသည်ကို ယနေ့တပ်မတော်တွင် မြင်တွေ့နေရသည်။

“ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှု စသည့်ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာအယူအဆများ၊ ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများနှင့် စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန်လိုအပ်ကြောင်း” တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မျက်မှောက်ကမ္ဘာ၏ နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မည်ဆိုပါက ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီးနိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသော ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည်အောင် တပ်မတော်က ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကိုကြည့်မည်ဆိုလျှင်လည်း အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့်နည်းလမ်းများဖြင့် ဘက်စုံ စစ်ပွဲအသွင်ဖော်ဆောင်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင်မှာကြားထားပြီး ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြောင်းလဲနေသည့် နည်းပညာများကိုအသုံးချ၍ တပ်မတော်ကို အင်အားတောင့်တင်းခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော်ကို အစဉ်ကာကွယ်စောင့်ရှောက်နေရမည်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများ ကိုယ်တိုင်ပါဝင်ဆင်နွှဲ ဦးဆောင်ထိန်းချုပ်သည့် နည်းပညာအဆင့်မှ ဉာဏ်ရည်တုနည်းပညာ အသုံးပြုကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံအများစုအနေဖြင့် ခေတ်သစ်စစ်ပွဲများကို မျှော်မှန်းပြီး ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရာ၌ ဉာဏ်ရည်တုနည်းပညာအပြင် အခြားကာကွယ်ရေးသုတေသန လုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ နိုင်ငံ့စီးပွားရေးကို ပိုမိုတိုးတက်လာအောင်ဆောင်ရွက်ပြီး ကာကွယ်ရေးစွမ်းအား မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နည်းပညာအခြေပြု ခေတ်မီတပ်မတော်တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ကိုင်လာကြသည်။ ထို့အတူ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်လာသောကြောင့် နည်းပညာများ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာ့အခင်းအကျင်း အပြောင်းအလဲများ လျင်လျင်မြန်မြန် ဖြစ်ပေါ်နေသည်ကို အမြဲသတိချပ်နေရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများတွင် အလျင်အမြန်ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့် နည်းပညာများကို အားပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ စစ်ရေးစသည်တို့တွင် ထိရောက်စွာ အသုံးပြုနေကြပြီဖြစ်ရာ မြန်မာ့တပ်မတော်ကိုလည်း အင်အားတောင့်တင်းခိုင်မာပြီး ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်လာအောင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ရှိရှိ လမ်းညွှန်မှာကြားမှုများနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင် ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကွမ်းခြံကုန်းမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများစိုက်ပျိုးသည့် မိုးစပါးများရိတ်သိမ်း

ကွမ်းခြံကုန်း ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှပံ့ပိုးသည့် သွင်းအားစုများရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းသား ဦးကျော် ညောင်ငူကျေးရွာ ကွင်းအမှတ်(၃၇၅)၊ B ၏လယ်၌ ယနေ့နံနက်ပိုင်းက မိုးစပါးရိတ်သိမ်းနေကြောင်း သိရသည်။



အဆိုပါ မိုးစပါးရိတ်သိမ်းမှုကို ကွမ်းခြံကုန်းမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးပြီး တောင်သူ ဦးကျော်၏ လယ်မြေ ၁၀ ဧက စံကွက်အားရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ၇၂ တင်း ထွက်ရှိကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် တော်ဒွန်းကုန်း စိုက်/ထွေ၊ ကရင်ချောင် စိုက်/ထွေ၊ ကော့ဒွန်း စိုက်/ထွေ၊ တိုးတက်ရေးလယ်ထွေ၊ ထွန်းရွှေဝါ စိုက်/ထုတ်တို့ဖြင့် အသင်းသား ၁၁၇ ဦး၊ စိုက်ဧက ၁၂၆၀ အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးသည့် သွင်းအားစုများရယူ၍ စိုက်ပျိုးကြောင်း သိရသည်။ **ဆွေနွယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၀၁ | ၈၇၈,၇၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂,၂၇၅ | ၆,၅၉၇,၅၀၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၁၀၇ | ၇၉၂,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၂,၄၃၅ | ၃,၈၉၅,၉၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁ | ၂,၄၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၀ | ၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၆၄ | ၇၇၀,၈၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၂၁၇ | ၃၆၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆု ရရှိသည့် စာပေပညာရှင် ဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အမျိုးသားစာပေ ယဉ်ကျေးမှုအမွေ" စာပေဆုနှင်းသဘင် ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "စာပေစွမ်းအားကလောင်အားဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "ဟေမန္တရတု" ဟု ခေါ်တွင်ခဲ့ကြသည့် ယခုနတ်တော်လရာသီသည် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟဖော်ကျူးဂုဏ်ပြုကြသည့် ကာလလည်းဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်း ပေါ်ပေါက်လာသည့် စာပေ အဖူးအပွင့်များသည် လေ့လာ၍ မကုန်နိုင်အောင် များပြားလွန်းလှပါကြောင်း၊ ယနေ့ နိုင်ငံဖွံ့ဖြိုးမှု ရလဒ်များသည် စာပေကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သော သက်သေများပင်ဖြစ်ပါကြောင်း၊ စာပေက ပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃ ထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့် အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့အခမ်းအနားများကို ကျင်းပကြခြင်းပင် ဖြစ်ပါကြောင်း။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာနယ်ပယ်များ ဖြာထွက်ရာ ပင်ရင်းနယ်ပယ်ကြီးဖြစ်သည့်အတွက် အမျိုးသားယဉ်ကျေးမှုအစုစုတို့ ပုံရိပ်ထင်ရာ အရင်းအမြစ်လည်း ဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်း၊ မြန်မာ့စိတ်ထားတို့ကို နိုင်ငံတကာ သိအောင် ဖော်ပြနိုင်သည့် ဆက်သွယ်ရေးကြားခံတစ်ခုလည်း ဖြစ်ပါကြောင်း။

မြန်မာ စာပေလောကသည် ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်း အဆက်ဆက်တွင် ထွန်းပြောင်ခိုင်မြဲခဲ့ပြီး နိုင်ငံနှင့် ပြည်သူကို အစဉ်ထာဝရအကျိုးပြုလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၄ သို့** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် အမျိုးသား စာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)ကိုယ်စား သန်းဦး ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအေးကြိုင်အား ဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ
စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ စစ်မှန်သည့် ခွန်အားများဖြစ်ခဲ့ပါကြောင်း၊ စာဆိုတော်များသည် တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဇာတိသွေးဇာတိမာန်တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံကိုကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ခဲ့ကြပါကြောင်း။

**အမြဲအဖိုးတန်အကျိုးရှိနေသည့် အမွေအနှစ်များပင်ဖြစ်**

ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမပျို့ကဗျာတွင် **"စာပေဝတ္ထု ရတုကဗျာ ပျို့လင်္ကာနှင့် သာသည့်သီချင်း အဲစောင်းငြင်းကို၊ မကင်းမပြတ် ဖတ်ရွတ်လေ့ကျက် တီးမှုတ်လျက်သာ နေကောင်းစွာ၏"** ဆိုသကဲ့သို့ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများ၏ စာပေလက်ရာများသည် ဖတ်ရှုလေ့လာသူတို့အတွက် အမြဲအဖိုးတန် အကျိုးရှိနေသည့် အမွေအနှစ်များပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတ တိုးပွားရန်အတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့ပါကြောင်း။

**"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို **'စာပေဗိမာန်ဆု'**၊ **'အနုပညာဆိုင်ရာစာပေဆု'**၊ **'အမျိုးသားစာပေဆု'** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အထိ ဆိုပါက နှစ်ပေါင်း(၇၅)နှစ် စိန်ရတုကာလတိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဘာသာရပ်များကိုလည်း တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ်(၁၉)မျိုးနှင့် **'စာပေဗိမာန်စာမူဆု'**တွင် ဘာသာရပ် (၁၃) မျိုးအထိ ဆုချီးမြှင့်ပေးလျက်ရှိပါကြောင်း။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့**

ထို့ပြင်နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့် တစ်သက်တာလုံးစာပေကို တစိုက်မတ်မတ် အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း အသိအမှတ်ပြုသည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"** ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ စာပေပညာရှင်များအား ချီးမြှင့်သည့်ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ် ထိုက်တန်သော စာအုပ်၊ စာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် ပညာရှင်များက စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။ စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

❖ **နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့် တစ်သက်တာလုံးစာပေကို တစိုက်မတ်မတ် အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း အသိအမှတ်ပြုသည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု" ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိ**

❖ **စာပေပညာရှင်များအား ချီးမြှင့်သည့်ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားစာပေဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်နိုင်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၉ ခုကို ရွေးချယ်ခဲ့

☆ စာမျက်နှာ ၄ မှ

၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်နိုင်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၉ ခုကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

**စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့ကသုံးသပ်ထား**

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ ပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်ဖြင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်း ပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများ နားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့ကသုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင်နိုင်ငံသိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်သားများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကိုအရင်းတည်ပြီး မွေ့လျော်ရာစာပေနယ်ကို တိုးဝင်ရန် ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ပါဝင်ကြသည်ကို တွေ့ရသည့်အတွက် လွန်စွာ ကျေနပ်အားရမိပါကြောင်း။

အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့် အနေဖြင့်

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း စာပေဗိမာန်စာမူဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် စာပေဗိမာန်စာမူဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော စာပေဗိမာန်စာမူဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၅ မှ

တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်လာခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး လေးဦးအထိ ချီးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရသည့် ဆရာ ဆရာမကြီးတို့အားလုံးသည် ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်များ ပြည့်ဝကြသည့် ပညာရှင်ကြီးများ ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာသန်းဦးဆိုပါက မြန်မာနိုင်ငံပညာရေးလောက၏ ဦးသျှောင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုအသက် ၉၆ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်နေဆဲ ပညာရှင်ကြီး ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာချစ်စံ ဆိုပါကလည်း မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေသုတေသနလုပ်ငန်းများကို အစဉ်တစိုက်ရေးသားပြုစု ဟောပြောပေးခဲ့သည့် စာပေပညာရှင်ကြီး ဖြစ်ပါကြောင်း၊ ဆရာမကြီး ဒေါ်ကြူကြူသင်း ဆိုပါကလည်း ရသစာပေကို တစိုက်မတ်မတ်ရေးသားပြုစုခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် စာရေးဆရာမကြီး ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာထွန်းတင့် ဆိုပါကလည်း မြန်မာစာ၊ မြန်မာဘာသာစကားနယ်ပယ် ဖွံ့ဖြိုးတည်တံ့အောင် အစဉ်အဆက်ရေးသားပြုစု ဖြန့်ဝေပေးခဲ့သည့် ပညာရှင်ကြီး ဖြစ်ပါကြောင်း၊ အဆိုပါ ပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စာပေဗိမာန်စာမူဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာမူဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**တည်ဆောက်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါကြောင်း၊

စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၆ မှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရန်အထူးအရေးကြီးလှပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံး နေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့ပါကြောင်း၊ ပညာရေး အားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဒေသ အနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင်မေတ္တာရပ်ခံလိုပါကြောင်း။

**စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး**

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင် ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံ ဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှလူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ **"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"** ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီးသည်ယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်အောင် စာပေစေတနာ အပြည့်အဝနှင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပြီး နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များ ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)၊ စာပေပညာရှင်ဆရာမကြီး ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း)ကိုယ်စား သန်းဦးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးအေးကြိုင်တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။




ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန် စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ဆက်လက်၍ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာထွန်းတင့် (မြန်မာစာ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာသန်းဦး (ပြည်စိုးမင်း) က ပေးပို့သည့်ကျေးဇူးတင်လွှာကို အခမ်းအနားမှူးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီး၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံး နေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့**
- ❖ **ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့၊ အဆိုပါ လိုအပ်ချက်များကို ပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ**
- ❖ **ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများတိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင်မေတ္တာရပ်ခံလို**

# ဟိုဆေးရာမို့စ်ဟော်တာဆိုသူ တီမောလက်စတေသမ္မတကြီးအား သိစေချင်ပါသည်

**စွမ်းပြည့်**

အရှေ့တောင်အာရှက ဇရိယာအသေးငယ်ဆုံး အရှေ့တီမော၊ တရားဝင်အမည် တီမောလက်စတေဆိုတဲ့ ကျွန်းနိုင်ငံငယ်ဟာ စတုရန်းမိုင်အားဖြင့် ၅၇၄၃ စတုရန်းမိုင်ပဲရှိပြီး လူဦးရေက ၁ သန်း ၁ သိန်းပဲရှိပါတယ်။ ပေါ်တူဂီကိုလိုနီလက်အောက်ခံနိုင်ငံဖြစ်ခဲ့ဖူးတဲ့ တီမောဟာ အင်ဒိုနီးရှားလက်အောက်ကနေ ၂၀၀၂ ခုနှစ်ကမှ လွတ်လပ်ရေးရခဲ့တဲ့ နိုင်ငံပါ။ ၁၁ နိုင်ငံမြောက် အာဆီယံနိုင်ငံအဖွဲ့ဝင်အဖြစ် ၂၀၂၂ ခုနှစ်ကမှ မူအားဖြင့် သဘောတူထားပြီးဖြစ်တဲ့ အရှေ့တီမောဟာ သမိုင်းကြောင်းမထင်မရှားနဲ့ သမိုင်းမှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရတဲ့နိုင်ငံပါ။ အင်ဒိုနီးရှားတို့ သိမ်းပိုက်ထားစဉ်ကာလမှာ အကြမ်းဖက်မှု အတော်များများဖြစ်ခဲ့ပြီး ယခု လွတ်လပ်ရေးရပြီးနောက်မှာလည်း ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ဆဲပါပဲ။

### မြန်မာနိုင်ငံထဲကို တရားမဝင်ခိုးဝင်

သမ္မတက ဟိုဆေးရာမို့စ်ဟော်တာဆိုတဲ့သူ။ ၂၀၀၈ ခုနှစ်က လုပ်ကြံခံရလို့ ပြင်းထန်စွာ ဒဏ်ရာရဖူးတယ်။ နိုင်ငံအခြေအနေမကောင်းတိုင်း UN နဲ့ ဩစတြေးလျလို နိုင်ငံခြားတပ်တွေ ခဏခဏ ဝင်ထိန်းနေရတဲ့နိုင်ငံရဲ့ သမ္မတဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်တုန်းက မြန်မာနိုင်ငံထဲကို တရားမဝင်ခိုးဝင်ဝင်ရောက်ခဲ့ဖူးပြီး ကရင်ပြည်နယ် မာနယ်ပလောမှာ ၁၀ ရက်ကြာနေထိုင်ခဲ့ကာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးခေါင်းစဉ်နဲ့ သင်တန်းတွေကို ပို့ချခဲ့ဖူးသည်အထိ ဇရှိခဲ့သူပါ။

ဒီလိုသောင်းကျန်းသူနယ်စပ်ကို ဟီးရိုးဆန်ဆန် ဝင်ရောက်ဖူးရုံနဲ့ မြန်မာနိုင်ငံအရေးနဲ့ မြန်မာသမိုင်းကြောင်းကို ကောင်းကောင်းသိရှိသူတစ်ဦးအဖြစ် သူ့ကိုယ်သူ အထင်ကြီးနေပုံပါပဲ။ ရေနံကြွယ်ဝပြီး စီးပွားရေးက မကောင်း၊ အလုပ်လက်မဲ့ကများ၊ ဆင်းရဲမွဲတေပြီး စာမတတ်တဲ့နိုင်ငံရဲ့ လူဦးရေထက်ဝက်လောက်ကို အုပ်ချုပ်နေရတဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် သမ္မတဟိုဆေးရာမို့စ်ဟော်တာ ဆိုတဲ့လူက သမိုင်းအစဉ်အလာကြီးမားတဲ့ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနဲ့ မြန်မာ့တပ်မတော်ကို စော်ကားမော်ကား ပြောခဲ့ခြင်းဟာ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပါတယ်။

ဒီသမ္မတဟာ မြန်မာနိုင်ငံနဲ့ မြန်မာအရေးအပေါ် မကြာခဏ ဝင်ရောက်စွက်ဖက် ပြောဆိုလေ့ရှိသူပါ။ ယခုနှစ် ဇူလိုင်လဆန်းတုန်းကလည်း အာဆီယံထဲ ဝင်ရောက်ဖို့ စတင်လှုပ်ရှားစဉ်မှာ သူ့အနေနဲ့ မဆီမဆိုင် မြန်မာနိုင်ငံအရေးကို အာဆီယံအဖွဲ့ကြီးက မဖြေရှင်းနိုင်သေးတဲ့အပေါ်မှာ သူ့အနေနဲ့ ကသိကအောက်ဖြစ်ရကြောင်း၊ ဒါကြောင့် အာဆီယံအနေနဲ့ မြန်မာအရေးကို မဖြေရှင်းနိုင်သေးရင် သူ့အနေနဲ့ အာဆီယံထဲ ဝင်ရောက်မှာ မဟုတ်သေးကြောင်း မဆီမဆိုင် ဂလိုင်ခေါက်၊ အခြားအာဆီယံနိုင်ငံတွေကို ပိဿာလေးနဲ့ ဘေးပိတ်ပေါက်သလို ပညာမဲ့စကား မဖွယ်မရာဆိုခဲ့သူပါ။ ငါ့စကားနွားရသူများခိုင်းစားတာ ခံနေရတဲ့ပုံပါပဲ။

သူနဲ့ ပုလင်းတူဘူးဆို့ဖက် ဝန်ကြီးချုပ် ဇာနာနာဂက်စမိုဆိုတဲ့လူကလည်း မြန်မာခေါင်းဆောင်တွေကို စစ်အာဏာရှင်များအဖြစ် သမုတ်သွားခဲ့ပြီး အာဆီယံက မြန်မာကို ဖိအားပေးဖို့ တောင်းဆိုခဲ့သူ ဖြစ်ပါတယ်။ ဇူလိုင်လဆန်းက နိုင်ငံရဲ့သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ဘုန်းကြီးရှုးနဲ့ လေ့လူးဆိုသလို အကြမ်းဖက်အဖျက်သမားတွေနဲ့ တစ်သားတည်းရပ်တည်ကြောင်းပြသခဲ့ပြီး သူရထားတဲ့ ငြိမ်းချမ်းရေးဆုကြီးနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်း လျှောက်ခဲ့သူဖြစ်ပါတယ်။




မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စတေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကို ဒီဇင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးယာဉ်ရပ်နားကွင်း၌ ကျင်းပစဉ်။

သူကပြောပါတယ်။ မြန်မာဒီမိုကရေစီလှုပ်ရှားမှုအကြောင်း သူကောင်းကောင်း သိတယ်ဆိုပဲ။ သူ့ကိုယ်သူ မြန်မာနိုင်ငံအကြောင်း သူ့ထက်ပိုသိသူ ဘယ်ခေါင်းဆောင်မှ မရှိဘူးဆိုပြီး ဘဝင်မြင့်နေပုံပါပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းနဲ့ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြည်တွင်းသောင်းကျန်းမှုနဲ့ပဋိပက္ခသမိုင်းကိုတော့ လေ့လာထားဟန်မတူပါဘူး။ လူဦးရေ ၁ သန်းလောက်သာရှိတဲ့ ရန်ကုန်မြို့ထက် အနည်းငယ်သာကျယ်တဲ့ ရန်သူမရှိ၊ သူပုန်မရှိ၊ ကျွန်းနိုင်ငံသေးသေးလေးကို အုပ်ချုပ်နေတဲ့ သူ့ကိုယ်သူ ဒီမိုကရေစီဖခင်အမည်ခံ သမ္မတကြီးတစ်ဦးရဲ့ဂုဏ်ယူစွာပြောနေပုံက ကျွန်တော်တို့အတွက်တော့ ဘာမှအံ့ဩစရာမရှိပါဘူး။

ကျွန်တော်တို့လို နိုင်ငံဇရိယာ ၂ သိန်း ၆ သောင်းကျော်ရှိပြီး လူဦးရေ ၅၅ သန်း လူမျိုးစုပေါင်း ၁၃၅ မျိုးနဲ့ လက်နက်ကိုင်အဖွဲ့ပေါင်း ဆယ်ဂဏန်းရှိတဲ့နိုင်ငံကိုသာ အုပ်ချုပ်ရရင် သူဘယ်လိုပြောမယ် မသိပါ။ ဒါကြောင့် သူ့ကို ပညာတတ်ပေမယ့် အကြမ်းဖက်ကိုသာ အားပေးထောက်ခံတတ်သူ ပညာမရှိသူတစ်ဦးအဖြစ်သာ သတ်မှတ်ထိုက်ပါတယ်။

ဒီလူတွေရဲ့ မြန်မာနိုင်ငံအပေါ်မှာ သုံးသပ်ချက်တွေဟာ တလွဲတွေဖြစ်နေတယ်ဆိုတာ သူတို့ကိုယ်တိုင်မသိရှာကြပါဘူး။ ငြိမ်းချမ်းရေးဆုရ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယူကရိန်းလိုပဲ မြန်မာသောင်းကျန်းသူတွေထံ လက်နက်တွေပေးဖို့၊ မြန်မာနိုင်ငံမှာ သွေးချောင်းစီးဖို့ အနောက်နိုင်ငံတွေထံ တောင်းဆိုခဲ့ဖူးတယ်။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နဲ့ မြန်မာပြည်သူတွေကို သွေးခွဲစကားပြောခဲ့တယ်။ နိုင်ငံတော်ကို တည်ဆောက်နေတဲ့ အစိုးရ၊ တပ်မတော်နဲ့ ရက်ရက်စက်စက်လူသတ်၊ ဗုံးခွဲ၊ ပြည်သူကြားတိုက်ပွဲဖော်၊ ဆေးရုံ၊ ကျောင်း၊ လမ်း၊ တံတား အကုန်ဖျက်ဆီးပြီး တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းအောင်လုပ်နေတဲ့ အကြမ်းဖက်အကြားမှာ ခွဲခြမ်းစိတ်ဖြာ မဆန်းစစ်နိုင်လောက်အောင် အသိခေါက်ခက် အဝင်နက်သူတွေ ဖြစ်နေရရှာပါတယ်။

> ❝ဒီလူတွေရဲ့ မြန်မာနိုင်ငံအပေါ်မှာ သုံးသပ်ချက်တွေဟာ တလွဲတွေဖြစ်နေတယ်ဆိုတာ သူတို့ကိုယ်တိုင်မသိရှာကြပါဘူး။ ငြိမ်းချမ်းရေးဆုရ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ယူကရိန်းလိုပဲ မြန်မာသောင်းကျန်းသူတွေထံ လက်နက်တွေပေးဖို့၊ မြန်မာနိုင်ငံမှာ သွေးချောင်းစီးဖို့ အနောက်နိုင်ငံတွေထံ တောင်းဆိုခဲ့ဖူးတယ်။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နဲ့ မြန်မာပြည်သူတွေကို သွေးခွဲစကားပြောခဲ့တယ်။ နိုင်ငံတော်ကို တည်ဆောက်နေတဲ့အစိုးရ၊ တပ်မတော်နဲ့ ရက်ရက်စက်စက်လူသတ်၊ ဗုံးခွဲ၊ ပြည်သူကြားတိုက်ပွဲဖော်၊ ဆေးရုံ၊ ကျောင်း၊ လမ်း၊ တံတား အကုန်ဖျက်ဆီးပြီး တိုင်းပြည်ကို အလုံးစုံပျက်သုဉ်းအောင်လုပ်နေတဲ့ အကြမ်းဖက်အကြားမှာ ခွဲခြမ်းစိတ်ဖြာ မဆန်းစစ်နိုင်လောက်အောင် အသိခေါက်ခက် အဝင်နက်သူတွေဖြစ်နေရရှာပါတယ်❞

### တပ်မတော်ကို ဖြိုခွဲဖို့ကြိုးစားရာရောက်

ဒီဇင်ဘာလ ၉ ရက်နေ့က NUG က ထုတ်ပြန်တဲ့ ဗီဒီယိုမှတ်တမ်းတစ်ခုမှာ ဟိုဆေးရာမို့စ်ဟော်တာရဲ့ ပြောကြားချက်မှာ မြန်မာတပ်မတော်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရာရှိ စစ်သည်တွေအားလုံး လက်နက်ချပြီး ပြည်သူ့ဘက်မှာ ရပ်တည်ဖို့ ဝင်ရောက်စွက်ဖက်ပြောနေပုံဟာ တပ်မတော်ကို ဖြိုခွဲဖို့ကြိုးစားရာရောက်လို့ အလွန်စော်ကားရာ၊ မတရားရာကျပါတယ်။ သမ္မတတစ်ယောက်အနေနဲ့ အလွန်မိုက်မဲလွန်းတယ်လို့တောင် ပြောလို့ရပါတယ်။ သူ့ကိုကြည့်ရတာ မြန်မာနိုင်ငံမှာ တပ်မတော်ပြိုကွဲ၊ နိုင်ငံအစိတ်စိတ်အမွှာမွှာကွဲပြီး စစ်မီးပွားမှာ အလွန်မြင်ချင်နေပုံပါပဲ။

သူ့ရဲ့ဗီဒီယိုမိန့်ခွန်းက ပြောင်ပြောင်တင်းတင်း ပြောကြားချက်တွေဟာ နိုင်ငံတစ်နိုင်ငံအပေါ် အလွန်စွက်ဖက်ရာကျပါတယ်။ အဓိပ္ပာယ်လည်း မဲ့လွန်းပါတယ်။ ပြည်သူဆိုတဲ့ အဓိပ္ပာယ်ကို မဖော်တတ်၊ မြန်မာ့တပ်မတော်ကိုထောက်ခံပြီး တည်ငြိမ်အေးချမ်းမှုကို လိုလားသူပြည်သူစစ်စစ် ဘယ်လောက်ရှိသလဲ၊ တည်ဆောက်နေသူက ဘယ်သူလဲ၊ အဖျက်သမားက ဘယ်သူလဲ၊ ခွဲခြားမသိ၊ ဆိုးရွားလွန်းတဲ့ မှတ်ချက်ပါ။ သူ့ရဲ့ပြောကြားနေပုံဒီဇိုင်းကို ကြည့်ရတာမှာ သူ့ရဲ့မျက်နှာအသွင်အပြင်ကအစ မူမမှန်တာတွေ့ရပါတယ်။ ဒီလို ပညာမဲ့လွန်းတဲ့စကားမျိုးကို တစ်နိုင်ငံက အခြားတစ်နိုင်ငံအပေါ် ပြောခြင်းဟာ ကမ္ဘာ့ဘယ်နိုင်ငံဘယ်ခေါင်းဆောင်မျိုးမှာမှ မရှိပါဘူး။ သူ့မျက်နှာမှာ မြန်မာ့တပ်မတော်နဲ့ မြန်မာခေါင်းဆောင်တွေကိုမုန်းနေတဲ့အာဃာတအမုန်းတွေ၊ မနာလိုဝန်တိုမှုလက္ခဏာတွေ တွေ့မြင်နေရတာဟာ နှစ်နိုင်ငံအရေး၊ ဒေသအရေး၊ ကမ္ဘာ့အရေးအတွက်တော့ အလွန်စိတ်မအေးစရာဖြစ်ပါတယ်။

ရာမို့စ်ဟော်တာအနေနဲ့ သူကိုယ်တိုင် တော်လှန်ရေးသမားဖြစ်ခဲ့တယ်ဆိုသော်ငြား ဒီမိုကရေစီ တော်လှန်ရေးအဓိပ္ပာယ်နဲ့ အကြမ်းဖက်လမ်းစဉ်ပုံစံကို ကွဲကွဲပြားပြား ခွဲခြားသိပုံလည်းမပေါ်ပါဘူး။ သမ္မတသာဖြစ်လာတယ် သူ့ရဲ့မိန့်ခွန်းမှာပါတဲ့ ဒီမိုကရေစီနဲ့ တော်လှန်ရေးအကြောင်း ပြောဆိုချက်တွေမှာ ဒီမိုကရေစီကိုရေလဲသုံးပြီး လူပြိန်းကြိုက်လှုံ့ဆော်တက်ကြွသူပုံစံသက်သက်သာ တွေ့ရခြင်းအားဖြင့် သူဟာလက်တွေ့မဆန်တဲ့ စိတ်ကူးယဉ်ဝါဒီတစ်ဦးသာဖြစ်မယ်လို့ သုံးသပ်မိပါတယ်။ (သူ ကရင်ပြည်နယ်ထဲ သူရဲကောင်းကြီးတစ်ဦးသဖွယ် လှေနဲ့ ခိုးဝင်ခဲ့ပုံကို ပြန်လည်အမှတ်ရမိခြင်း)။

သူဟာ မြန်မာလူမျိုးတွေမသုံးတဲ့ ရိုဟင်ဂျာအသုံးကို သုံးနှုန်းပြီး မြန်မာတိုင်းရင်းသားတွေကို စော်ကားခဲ့တယ်။ သူဟာ ကမ္ဘာ့ခေါင်းဆောင်တွေကို မြန်မာအရေး အာရုံစိုက်ပေးဖို့ တိုက်တွန်းခဲ့တယ်။ ရန်ကုန်မြို့ လူဦးရေရဲ့ ခုနစ်ပုံ တစ်ပုံလောက်သာ အုပ်ချုပ်ရတဲ့ သမ္မတကြီးတစ်ဦးအနေနဲ့ သူများနိုင်ငံပြည်တွင်းရေး ဒီလောက်နက်နက်ရှိုင်းရှိုင်း ဝင်ရောက်စွက်ဖက်ချိန်ရအောင် အချိန်တွေအတော်အားနေဟန်တူပါတယ်။ ဒါပေမဲ့ သမ္မတကြီး မေ့နေတာက ယနေ့ဂါဇာနယ်ထဲက သနားစရာ ပါလက်စတိုင်းလူမျိုးတွေနဲ့ကလေးသူငယ်တွေပါပဲ။ တစ်သောင်းကျော်လောက် သေဆုံးပြီးဖြစ်တဲ့ ဂါဇာဒေသက ပါလက်စတိုင်းတွေအတွက် အမေရိကန်နဲ့အတူ သူအရေးမစိုက်အားပါဘူး။ ထိုဒေသမှာ ဖြစ်ပျက်နေတဲ့ အနိဋ္ဌာရုံတွေအပေါ်မှာလည်း စိတ်ဝင်စားပုံ မပေါ်ပါဘူး။ တရားမျှတမှုကို လိုလားရင် ယနေ့ကမ္ဘာမှာ ဒီမိုကရေစီအင်အားကြီး **စာမျက်နှာ ၉ သို့** ❍

> ❝သူ့ရဲ့ဗီဒီယိုမိန့်ခွန်းက ပြောင်ပြောင်တင်းတင်း ပြောကြားချက်တွေဟာ နိုင်ငံတစ်နိုင်ငံအပေါ် အလွန်စွက်ဖက်ရာကျပါတယ်။ အဓိပ္ပာယ်လည်း မဲ့လွန်းပါတယ်။ ပြည်သူဆိုတဲ့အဓိပ္ပာယ်ကို မဖော်တတ်၊ မြန်မာ့တပ်မတော်ကိုထောက်ခံပြီး တည်ငြိမ်အေးချမ်းမှုကို လိုလားသူပြည်သူစစ်စစ် ဘယ်လောက်ရှိသလဲ၊ တည်ဆောက်နေသူက ဘယ်သူလဲ၊ အဖျက်သမားက ဘယ်သူလဲ၊ ခွဲခြားမသိ၊ ဆိုးရွားလွန်းတဲ့ မှတ်ချက်ပါ။ သူ့ရဲ့ပြောကြားနေပုံဒီဇိုင်းကို ကြည့်ရတာမှာ သူ့ရဲ့မျက်နှာအသွင်အပြင်ကအစ မူမမှန်တာ တွေ့ရပါတယ်❞

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှု ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ၎င်းတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၃

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရှိ တောင်ကြီးခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ပြည်နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အကျိုးရှိ ထိရောက်စေရေးအတွက် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးရ မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း ခေတ်မီနည်းပညာများ ရရှိစေရေးအတွက် လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ပြည်ပပညာရှင်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ ဆောင်ရွက်ရမည့် လုပ်ငန်း ၄၆၁ ချက်အနက် စက်ရုံရှိ ဝန်ထမ်းများ၊ ပြည်တွင်းပညာရှင်



များပူးပေါင်း၍ ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်း ၃၂၀ ကို ပြည်ပကျွမ်းကျင်ပညာရှင်များ ပြန်လည်စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးပြီး ပြည်ပကျွမ်းကျင်ပညာရှင်များ၏ စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များကို တိတိကျကျ မှတ်တမ်းထားရှိရန်၊ ထပ်မံပြီးစီးသည့် လုပ်ငန်း ၂၁ ချက် နှင့်ပတ်သက်၍ ပြည်ပကျွမ်းကျင်ပညာရှင်များ စစ်ဆေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ ငွေလုံးငွေရင်း အသုံးစရိတ်များ တင်ပြတောင်းခံရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်၊ ခန့်မှန်းကုန်ကျစရိတ်၊ အသေးစိတ် သတ်မှတ်ချက်တို့ကို ပြည့်စုံစွာဖော်ပြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် စက်ရုံမှ တာဝန်ရှိသူများ၊ တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် TPE နှင့် AGS မှ ကိုယ်စားလှယ်များ၏ နေ့စဉ်ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းမှ ထွက်ရှိလာမည့် သံစိမ်း (Pig Iron) ကို အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) ရှိ EAF ဖြင့် သံမဏိအရည်ကျိုရာတွင် ၃၀ ရာခိုင်နှုန်း သုံးစွဲသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပါဝင်ခဲ့ကြောင်း၊ ထိုစဉ်က Blast Furnace ဖြင့် သံစိမ်းထုတ်လုပ်ရန် ရည်ရွယ်ခဲ့ကြောင်း၊ သို့ရာတွင် Blast Furnace ဖြင့် ထုတ်လုပ်နိုင်သည့် သံသတ္တုရိုင်းပမာဏနည်းပါးခြင်းနှင့် အသုံးပြုမည့် ကျောက်မီးသွေးကုန်ကြမ်းများ၏ အရည်အသွေး နိမ့်ခြင်းကြောင့် Romelt Process ကို ရွေးချယ်ခြင်းဖြစ်ကြောင်း၊ စက်ရုံအမြန်ဆုံး လည်ပတ်နိုင်ရေးအတွက် TPE အနေဖြင့် ယခုထက် ပိုမိုပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြန်လည်ပြုပြင်ရေးအလုပ်ရုံတွင် စက်များတပ်ဆင်မည့် အခြေအနေ၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံနှင့် Romelt Shop တို့တွင် ပြည်ပကျွမ်းကျင်ပညာရှင်အဖွဲ့မှ စစ်ဆေးဆောင်ရွက်နေမှု၊ စွန့်ပစ်အပူစွမ်းအင်သုံးဘွိုင်လာအား အမိုးတပ်ဆင်ဆောင်ရွက်နေမှု၊ ဆာလဖာလျှော့ချရေး အလုပ်ရုံတွင် Load Cell များ တပ်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းများ အသိပညာများတိုးတက်စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်စေရန်တို့အတွက် အသိပညာမျှဝေသည့် အခမ်းအနားကို စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် MPRL E & P Group of Companies မှ Senior HR Manager များက လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ကော်ပိုရိတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခေါင်းဆောင်က လူမှုတာဝန်သိလုပ်ငန်းများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စီမံကိန်းစီမံခန့်ခွဲမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် အသိပညာများ ပြန်လည်မျှဝေဆွေးနွေးခဲ့သည့် MPRL E & P Group of Companies မှ Senior HR Manager နှင့်အဖွဲ့ကို အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့သည်။ သတင်းစဉ်

○ စာမျက်နှာ ၈ မှ

နိုင်ငံတစ်ခုက အင်အားနည်းတဲ့နိုင်ငံတွေအပေါ် ကျူးကျော်ဖြုတ်ချ၊ တိုင်းပြည်ဖြိုခွဲ၊ ထိုနိုင်ငံက ပြည်သူတွေ ယနေ့လက်ရှိခံစားနေရတဲ့ ဒုက္ခတွေအတွက် တရားမျှတမှုကို ဘယ်လိုရှာဖွေပေးနိုင်ပါမလဲ၊ ဒီမေးခွန်းကို မေးခဲ့ရင် လူ့အခွင့်အရေးနဲ့ တရားမျှတမှုကို အလွန်လေးစားတဲ့သမ္မတကြီးအနေနဲ့ ဘယ်လိုဖြေမလဲ သိချင်ပါတယ်။

## သမ္မတကြီးမှာအဖြေရှိပါသလား

မြန်မာနိုင်ငံမှာလည်း ထို့အတူပါပဲ၊ အကြမ်းဖက်လက်နက်ကိုင်တွေ ရက်ရက်စက်စက် သတ်ဖြတ်လို့ သေသွားကြရတဲ့၊ ဒုက္ခိတဖြစ်သွားကြရတဲ့ သံဃာတော်တွေ၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းတွေ အပါအဝင် အပြစ်မဲ့ဝန်ထမ်းနဲ့ ပြည်သူတွေအတွက်ကော မြန်မာပြည်သူတွေအတွက် လုပ်ပေးချင်ပါတယ်ဆိုတဲ့ သမ္မတကြီးမှာ အဖြေရှိပါသလား၊ မြန်မာပြည်သူတွေအတွက် ဝေမျှပေးစေချင်ပါတယ်။

သမ္မတဟိုဆေးရာမို့စ်ဟော်တာ သိစေချင်ပါတယ်။ မြန်မာနိုင်ငံအရေးဟာ ထိုနိုင်ငံ၊ ထိုနိုင်ငံသားတွေရဲ့ ပြည်တွင်းရေးသာဖြစ်တယ်။ ဒေသအရေးလည်းမဟုတ်၊ နိုင်ငံတကာအရေးလည်းမဟုတ်၊ နိုင်ငံတကာငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေခြင်းလည်းမရှိပါ၊ အရှေ့တီမောနဲ့ဆိုအဝေးကြီး၊ ဆိုင်လည်းမဆိုင်ပါ။ တစ်နိုင်ငံပြည်တွင်းရေး ဝင်မစွက်ကြေးအာဆီယံမူနဲ့လည်းမညီပါ၊ အာဆီယံအဖွဲ့ဝင်ဖြစ်လာမယ့် နိုင်ငံတစ်နိုင်ငံအနေနဲ့ ယခုကတည်းက ဆင်ခြင်ထားသင့်ပါတယ်။

မြန်မာနိုင်ငံရဲ့အခြေအနေဟာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနဲ့အတူ ဖြစ်ပေါ်လာတဲ့ မဲမသမာမှုတွေကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး ယခုကာလ ဆောင်ရွက်ချက်တွေဟာ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်နေခြင်း ဖြစ်တယ်ဆိုတာ ဒီမိုကရေစီကိုလေးစားသူ သမ္မတကြီးသိဖို့ လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များအတိုင်း ရှေ့လုပ်ငန်းစဉ် ၅ ရပ်ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ရှေ့လုပ်ငန်းစဉ်ပါအတိုင်းလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးသွားမယ်၊ ပြီးရင် အနိုင်ရပါတီကို နိုင်ငံတော်တာဝန်ကို လွှဲသွားပေးမယ် စတဲ့ အချက်တွေဟာ ဒီမိုကရေစီပြန်လည်ထူထောင်ရေး လက်တွေ့ကျတဲ့ အချက်တွေဆိုတာ ဟိုဆေးရာမို့စ်ဟော်တာသမ္မတကြီး သိနေဖို့လိုပါမယ်။ အာဆီယံတူညီဆန္ဒ ၅ ချက်ကို အကောင်အထည်ဖော်ရာမှာလည်း မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လေးစားပြီး အာဆီယံ ပဋိညာဉ်စာတမ်းပါအချက်တွေအပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာလည်း အကြိမ်ကြိမ် ကတိကဝတ်ပြုပြီးသားဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ မြန်မာနိုင်ငံအရေး ဘယ်လောက်နက်နဲ ကျယ်ပြန့်တယ်ဆိုတာ သမ္မတကြီးထက် မြန်မာနိုင်ငံပြည်သူတွေ၊ မြန်မာနိုင်ငံခေါင်းဆောင်များနဲ့ မြန်မာ့တပ်မတော်ကသာ အသိဆုံးဖြစ်ပါတယ်။ နိုင်ငံတကာက ဘယ်ခေါင်းဆောင်ကမှ အသိဆုံး ဖြစ်တယ်ဆိုတာလည်း မမှန်ပါဘူး။ မြန်မာ့အရေးစဉ်းစားရာမှာ သမိုင်းကြောင်းနဲ့အမျိုးသားရေးစရိုက်လက္ခဏာများ၊ ကိုလိုနီစနစ်ကြောင့် ဖြစ်ရတဲ့ စိတ်ဝမ်းကွဲပြားမှုများကို ကြိုတင်သိနားလည်ထားဖို့ လိုအပ်ပါတယ်။ ကိုယ့်နိုင်ငံ၊ သူ့နိုင်ငံ သမိုင်းကြောင်းတွေဟာ တစ်ခုနဲ့တစ်ခု မတူညီကြတဲ့အတွက် ယခုလို ဝင်ရောက်စွက်ဖက် ပြောကြားချက်တွေဟာ ဖိအားပေးသက်သက်သာ ဖြစ်တာကြောင့် အောင်မြင်မှုရနိုင်မှာ မဟုတ်ဆိုတဲ့အချက်ကို တီမောလက်စတေခေါင်းဆောင်တွေ သိနှင့်ထားသင့်ပါတယ်။

## အဆင့်တစ်ရပ်မှာရှိမနေသူတွေ

ယခုလိုကာလမှာ မြန်မာနိုင်ငံအစိုးရနဲ့ပြည်သူတွေရဲ့ကြိုးစားမှုတွေကို နားလည်အောင် ကြိုးစားပြီး အပြုသဘောအားပေးမှုနဲ့ အပေါင်းလက္ခဏာဆောင်တဲ့ အချက်တွေကသာ မြန်မာနိုင်ငံအပေါ် ကူညီရာရောက်ပါမယ်။ သို့သော်အရှေ့တီမောသမ္မတနဲ့ ဝန်ကြီးချုပ်တို့ဟာ မြန်မာနိုင်ငံအရေးအပေါ် ပြင်းပြင်းထန်ထန် စွပ်စွဲပြောခဲ့ကြသူတွေမို့ ကျွန်တော်တို့ကလည်း မြန်မာနိုင်ငံတော်နဲ့ မြန်မာပြည်သူတွေကိုယ်စား သူတို့အပေါ်မှာ ယခုလို ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်လိုက်ရခြင်းသာ ဖြစ်ပါတယ်။ အဆင့်တစ်ရပ်မှာ ရှိမနေသူတွေကို ယခုလို တုံ့ပြန်ခြင်းဟာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတပ်မတော်အတွက် မှန်ကန်တယ်လို့ ခံယူမိပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာအုပ်စု နားကုန်းကျေးရွာ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ဦးစွာ ရှမ်းသက္ကရာဇ် ၂၁၁၈ ခု နှစ်သစ်ကူးပွဲတော်ကြိုဆိုပွဲကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဟိုမိန်း ပြည်သူ့စစ်အဖွဲ့ဥက္ကဋ္ဌ ဦးမဟာဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ စိတ္တသုခသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာများပက်ဖျန်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက်စိတ္တသုခသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ရှမ်းသက္ကရာဇ် ၂၁၁၈ ခု နှစ်သစ်ကူးပွဲတော်ကြိုဆိုပွဲ၊ (၂၃) ကြိမ်မြောက် ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ဆက်လက်ကျင်းပရာ လင်းခေးမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရက သြဝါဒစကားမိန့်ကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားကြသည်။

အခမ်းအနားတွင် သာသနာ့လင်္ကာရဘွဲ့ရ အရှင်ကုသလာလင်္ကာရအား ပြည်နယ်ဝန်ကြီးချုပ်က ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က သင်တန်းများတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကာ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာ နမ့်တိန်းချောင်းဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေး Pilot Project လုပ်ငန်းဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆောင်းရာသီအမီသီးနှံများ စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ် နမ့်တွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျောင်းဝင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လင်းခေးမြို့အနီး တည်ဆောက်ဆဲ နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတားကို လည်းကောင်း၊ နမ့်တိန်းချောင်း အရှေ့ဘက်ကမ်းရှိ ဟိုတင့်- နမ့်အွန် ကျေးရွာချင်းဆက် ၂/၄ မိုင် မြေလမ်းဖောက်လုပ်နိုင်ရေးလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စု/ ပြည်နယ် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် လင်းခေးမြို့နယ် နောင်လုံအုပ်စု ဒါးဆိပ်- နောင်လုံ- ပန်ကျင်- ဝမ်စစ်- ဟိုက်ကွေ့ လမ်းမကြီးမှ ပန်ကျင်- ဟတ်မိုင်- နောင်ခေါက်ကျေးရွာသွားလမ်း ၁/၃ မိုင် အပြီးသတ် ကျောက်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တောင်းဆိုချက်များအရ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြား၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ပန်လင်းဆိုင်- ဝမ်ပိန်း ၃/၃ မိုင် ကတ္တရာလမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေး၍ လွိုင်လင်မြို့သို့ ဆက်လက်ဖောက်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပင်လုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပင်လုံမြို့ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေတိဂုံပုံတူစေတီတော်ရင်ပြင်ကျောက်ပြားအသစ်လဲလှယ်ခြင်း၊ စေတီတော်လိုဏ်ဂူအတွင်း အမိုးမျက်နှာကြက် ဆေးသုတ်ခြင်း၊ မီးတပ်ဆင်ခြင်း၊ ရက္ခိတဗိမာန်တော် လျှောက်လမ်းမျက်နှာကြက်တပ်ဆင်ခြင်းနှင့် မီးတပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင် - ပင်လုံ - လဲချား- ပြည်ထောင်စုလမ်းမကြီးမှ သဘာဝတရားရိပ်သာ ပရဟိတသီလရှင်ကျောင်းတိုက် အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မိုင်းပွန်မြို့အနီး ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေး Pilot Project လုပ်ငန်းနှစ်ခု ဆောင်ရွက်ပြီးစီးမှုနှင့် မိုးသီးနှံ၊ ဆောင်းသီးနှံ သီးထပ်စိုက်ပျိုးခြင်းကြောင့် ဝင်ငွေတိုးပွားလာသည့်အတွက် တောင်သူများက ဆက်လက်ဆောင်ရွက်ပေးရန် တောင်းဆိုလာသည့် ချောင်းရေတင်စိုက်ပျိုးရေး Pilot Project လုပ်ငန်းနှစ်ခုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့သည် တောင်သူများအား အားပေးစကားပြောကြားကာ သီးထပ်စိုက်ပျိုးရန် စပါးမျိုးစေ့၊ ဂျုံမျိုးစေ့၊ ပဲပုပ်မျိုးစေ့များကို ပေးအပ်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ဆဋ္ဌမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၃

ထားဝယ်လူမျိုးစုစည်းမှုကော်မတီ (ရန်ကုန်)က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ထားဝယ် အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံနှင့် ထားဝယ်အမျိုးသားအလံတို့ကို ထားဝယ်လူမျိုးစုစည်းမှုကော်မတီမှ တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြသည်။

ထို့နောက် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ (ဗဟို)နာယက ဆရာတော် ဘဒ္ဒန္တကုလာနန္ဒာဘိဝံသ (ရတနာထားဝယ်) က သြဝါဒစကား မြွက်ကြားသည်။

ယင်းနောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနား ဖြစ်ပေါ်လာပုံနှင့် ကျင်းပရခြင်းအကြောင်းကို ထားဝယ်တိုင်းရင်းသားလူငယ် နောန်ရှိုင်းလင်းအောင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆဋ္ဌမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားနှင့်စပ်လျဉ်း၍ ဦးကြည်စိန်လေးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ထားဝယ်သူ ထားဝယ်သားများက ထားဝယ်ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ဆဋ္ဌမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ထားဝယ်လူမျိုးများ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာစေရန်၊ ထားဝယ်လူမျိုးများ ပိုမိုစုစည်းမိလာစေရန်နှင့် စုစည်းရရှိလာသော အင်အားစုဖြင့် ထားဝယ်တိုင်းရင်းသားအရေးနှင့် ပတ်သက်သောကိစ္စများကို စုစည်းညီညွတ်စွာ လုပ်ဆောင်နိုင်ရန်၊ ပုဂ္ဂိုလ်အရေး၊ လူတန်းစားအရေး၊ ဘာသာရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအရအမြတ်ထုတ်ခြင်းအလျင်းမပြုဘဲ ထားဝယ်အမျိုးသားနေ့ကို ထားဝယ်အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကျင်းပရန်၊ ထားဝယ်တိုင်းရင်းသား၊ ထားဝယ်လူမျိုးများအချင်းချင်း ရိုင်းပင်းကူညီလိုသောစိတ်ဓာတ်များ မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကလေးသူငယ်များ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအသိပညာပေး သရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) ၌ ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကလေးသူငယ်များ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေး(KaeruCaravan) သရုပ်ပြအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးရှိုင်းဝေမိုးက အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနား၌ မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများအပါအဝင် ကျောင်းသူ ၁၀၀ ကျော်တို့အား သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဂိမ်းကစားနည်း ကိုးမျိုးဖြင့် သရုပ်ပြသကြသည်။

**တင်ဝင်းတင်**

# အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရစာပေပညာရှင်များ၏ စေတနာစကားသံများ

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
အလင်းသစ်၊ နေမျိုး

ခေတ်အဆက်ဆက် စာပေပညာရှင်တို့သည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက်သော်လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်တို့အတွက်လည်းကောင်း ယဉ်ကျေးသော၊ နိုင်ငံတော်နှင့် အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးတတ်သော တွေးခေါ်နိုင်စွမ်း၊ စွမ်းဆောင်နိုင်စွမ်း မြင့်မားသောနိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာစေရန် စေတနာဖြင့် မိမိတို့၏အတွေ့အကြုံများမှတစ်ဆင့် မြားမြောင်လှသော သုတရသစာပေကဏ္ဍများ ရေးဖွဲ့ခဲ့ကြသည်။ ထိုသို့သော စာပေပညာရှင်များ၏ စာပေအမျိုးအစားများထဲမှ ထူးကဲပြောင်မြောက်သော ရေးသားမှုများအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုစသည်ဖြင့် နိုင်ငံတော်က ချီးမြှင့်ဂုဏ်ပြုလျက်ရှိရာ ၂၀၂၂ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သော အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရစာပေပညာရှင်များနှင့် တွေ့ဆုံမေးမြန်း၍ စာပေပညာရှင်တို့၏ စေတနာစကားသံများကို တင်ပြလိုက်ရပါသည်-


ဒေါက်တာထွန်းတင့်


သက်နိုင်ဦး(ကျည်ကာ)


မြေလတ်မောင်မြင့်သူ


မောင်စိမ်းနောင်(လယ်ဝေး)


ဝတ်ရည်ခင်(ပဲခူး)

**ဒေါက်တာထွန်းတင့်**
**အမျိုးသားစာပေ**
**တစ်သက်တာဆုရှင်**

ကျွန်တော့်အသက်က ၈၉ နှစ်ရှိပါပြီ။ နောက်သုံးလဆိုရင် ၉၀ ပြည့်တော့မှာပါ။ စအမှုထမ်းတာကတော့ ရန်ကုန်တက္ကသိုလ်မှာ ၁၉၅၈ ခုနှစ်ကတည်းက အလုပ်ဝင်ခဲ့တာဖြစ်ပြီး ဒီကနေ့အထိ တစ်ရက်မှ မနားရသေးပါဘူး။ အခုထိ စာပေလုပ်ငန်းတွေကို လုပ်နေဆဲဖြစ်ပါတယ်။ ရေးခဲ့တဲ့ စာပေတွေကတော့ အများအားဖြင့် မြန်မာစာအဖွဲ့မှာ လုပ်တာဖြစ်လို့ မြန်မာစာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနဲ့ အဘိဓာန်တွေကို ထဲထဲဝင်ဝင်လုပ်ခဲ့ရတယ်။ ဒီကနေ့အထိလည်း လုပ်နေရတုန်းပဲဖြစ်ပါတယ်။ သတ်ပုံသတ်ညွှန်းဆိုရင် ၁၉၈၆ ခုနှစ်က မြန်မာတစ်ပြည်လုံးအသုံးပြုနိုင်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ သတ်ပုံဖြစ်တာကြောင့် ၃၇ နှစ်တောင်ရှိနေပါပြီ။ စာရေးသူတွေ အကုန်လုံးကလည်း သတ်ပုံကိုပဲ အားကိုးနေရတယ်။ ဒါပေမယ့် စည်းကမ်းဖောက်တဲ့လူတွေကတော့ အများကြီးပါပဲ။ ခွဲထား ရကန်ဆိုတာကတော့ စာချိုးလေးနဲ့ ကျွန်တော်ကိုယ်တိုင်ရေးခဲ့တာ ဖြစ်ပါတယ်။ အပြည့်အစုံ ပြောရမယ်ဆိုရင် ၁၀၁ ပုဒ်ရှိပါတယ်။ ဆောင်းပါးတွေရေးပြီး စည်းနဲ့ကမ်းနဲ့မြန်မာစာဆိုပြီးလည်း စာအုပ်ထုတ်ခဲ့ပါသေးတယ်။ နောက်ဆုံးကတော့ ကကြီး ခခွေးမဖတ်သေး လူပျင်းညံ့တော့သည်ဆိုတဲ့ စာအုပ်လေး ထုတ်ထားပါတယ်။ မြန်မာစာအဖွဲ့ကပဲ ထုတ်ထားတာ ဖြစ်ပါတယ်။ တတ်နိုင်သမျှ မြန်မာစာပေအကြောင်း သိကြအောင်ဆိုတဲ့စိတ်လေးနဲ့ အထောက်အကူပြုအောင် ထုတ်ထားပါတယ်။ မြန်မာစာပေနဲ့ ပတ်သက်ပြီး လူငယ်တွေအနေနဲ့ မြန်မာစာပေကို ချစ်မြတ်နိုးပါ။ မြန်မာဆိုတာ ကိုယ့်စာကို မြတ်နိုးမှဖြစ်မှာပါ။ စည်းကမ်းတကျ ဖြစ်အောင် လုပ်ပါ။ မြန်မာစာရဲ့ အခြေအမြစ်က စာလုံးပေါင်းသတ်ပုံမှန်မှန်ကန်ကန်ဖြစ်ဖို့နဲ့ မြန်မာတွေဖြစ်တဲ့အတွက်ကြောင့် မြန်မာစာကို အခြေခံကစပြီးလေ့လာစေချင်ပါတယ်။ မြန်မာစာမှာ ဗျည်းဘယ်နှလုံးရှိသလဲ၊ သရဘယ်နှလုံးရှိလဲ မေးရင်တောင် မသိတဲ့လူတွေရှိကြတယ်။ အဲဒီလို အခြေခံတွေကအစ လေ့လာပြီးမှ နိုင်ငံတော်က ပြဋ္ဌာန်းတဲ့အတိုင်း၊ သတ်မှတ်တဲ့အတိုင်း လိုက်နာမယ်ဆိုတဲ့စိတ်ကိုတော့ မွေးမြူဖို့လိုပါတယ်။ ပြဋ္ဌာန်းတာက ပြဋ္ဌာန်းတာပဲ၊ ငါတို့လိုက်နာချင်မှ လိုက်နာမယ်ဆိုတဲ့ စိတ်တော့ မထားစေချင်ပါဘူး။ အထူးသဖြင့် ပြောချင်တာက စာစပ်တဲ့လူတွေက စာလုံးပေါင်းသတ်ပုံကို လိုက်နာပါတယ်။ တတ်တဲ့လူတွေက ဘာမှပြောစရာမလိုပေမယ့် မတတ်သလို တတ်သလို လူတွေက လိုက်ဖျက်ဆီးနေသလိုဖြစ်နေတယ်လို့ ပြောချင်ပါတယ်။ အခုလို စာပေဆုတွေ ချီးမြှင့်ပေးတာကိုလည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**သက်နိုင်ဦး(ကျည်ကာ)**
**နိုင်ငံရေးစာပေဆုရှင်**

တိုင်းပြည် ငြိမ်းချမ်းစေချင်တဲ့ စေတနာနဲ့ တိုင်းပြည်မှာဖြစ်နေတဲ့ အခြေအနေတွေအပေါ်မှာ မူတည်ပြီး မျှမျှတတနဲ့ ဘယ်သူ့ဘက်မှ လိုက်ခြင်းမရှိဘဲ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်အောင် ရေးသားထားတာဖြစ်ပါတယ်။ သူကလည်း သူမှန်တယ်၊ ကိုယ်ကလည်း ကိုယ်မှန်တယ်ဆိုတာတွေတော့ ရှိတာပေါ့။ နိုင်ငံရေးက မှိုင်းတွေတိုက်တော့ လူငယ်တွေဆိုတာက အပြောကောင်းတဲ့ဘက်ကို ပါတာပေါ့။ အဲဒီလိုအရောင်တွေ ပါသွားတော့ ပြဿနာတွေက ပိုရှုပ်လာတာဖြစ်ပါတယ်။ အခု ကျွန်တော်ရေးထားတဲ့စာအုပ်ကို ဖတ်လိုက်ရင် ရှင်းသွားမယ်လို့ ထင်ပါတယ်။ အဓိကကတော့ တိုင်းပြည်က အားလုံးညီညီညွတ်ညွတ်နဲ့ ဝိဝါဒကွဲတာတွေကို ပေါင်းစပ်ဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ အပြုသဘောဆောင်တဲ့ အမြင်နဲ့ လုပ်ဆောင်ချက်တွေလည်း လုပ်စေချင်ပါတယ်။ တိုင်းပြည်ကို ငြိမ်းချမ်းစေချင်တယ်။ ကျွန်တော်တို့တိုင်းပြည်က ငြိမ်းချမ်းမှ တိုးတက်မယ်။ မငြိမ်းချမ်းရင် ဘာမှလုပ်လို့မရဘူး။ မငြိမ်းချမ်းရင် တိုးတက်ပြီးတာတွေတောင်မှ ပျက်စီးသွားမှာဖြစ်တယ်။ တိုင်းပြည်တစ်ခုမှ အဓိကလိုအပ်ချက်က ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်က သဘာဝကပေးထားတဲ့ သယံဇာတတွေလည်း အများကြီးရှိတယ်။ ကျွန်တော်တို့နိုင်ငံ မတိုးတက်ဘူး ဆိုတာကလည်း တိုင်းပြည်အတွက် အလုပ်လုပ်ပြီး တိုင်းပြည်အတွက် ကြိုးစားရမယ့်အချိန်မှာ စစ်ပွဲတွေရှိနေလို့ပါပဲ။ အဲဒီလိုတွေ ဖြစ်နေလို့လည်း ဒီကနေ့အထိ တိုင်းပြည်က မတိုးတက်တာဖြစ်လို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်စေချင်ပါတယ်။

**မြေလတ်မောင်မြင့်သူ**
**ရသစာတမ်း(အက်ဆေး)**
**စာပေဆုရှင်**

ရသစာပေကတော့ ရှားနေတဲ့ကာလလို့ ပြောရင်ရပါတယ်။ ဒီစာပေအမျိုးအစားက ဝတ္ထုမဟုတ်ဘူး။ ဒါပေမယ့်ဝတ္ထုအရသာပါတယ်။ ကဗျာမဟုတ်ဘူးဆိုပေမယ့် ကဗျာနဲ့တူတဲ့ ခံစားမှုရသတွေပါတယ်။ သုတဖြစ်စေတဲ့ ဖတ်စရာ မှတ်စရာတွေလည်း ပါတယ်။ ဒါပေမယ့် အဲဒီစာစုဟာ ဝတ္ထုလည်းမဟုတ်၊ ကဗျာလည်း မဟုတ်၊ ဆောင်းပါးလည်းမဟုတ်ဘူး။ ဒါကြောင့် ရသစာတမ်းလို့ အဓိပ္ပာယ်ဖွင့်ချင်ပါတယ်။ ဆရာကြီးတွေကတော့ ဖွင့်တာပေါ့။ ရသပါသောအတွေးကို ခံစားမှုနှလုံးသားနဲ့ ပေါင်းစပ်ပြီး ဉာဏ်ပညာနဲ့ ပေါင်းစပ်ရေးချယ်တဲ့ မတိုမရှည်စာလို့လည်း ဆိုကြပါတယ်။ ဘာကြောင့်လဲဆိုရင် အခုချိန်က စာဖတ်အားကျနေတယ်။ လုံးချင်းခေတ်လည်း မရှိတော့ဘူး။ လုံးချင်းထုတ်ဖို့လည်း မလွယ်သလို စိတ်ရှည်လက်ရှည်နဲ့ ဖတ်ဖို့မလွယ်တဲ့ကာလ ဖြစ်တာကြောင့် ဖတ်စရာမှတ်စရာပါတဲ့ ရင်ဖွင့်သံလေးလို့ ဆိုရမှာဖြစ်ပါတယ်။ ခေတ်ကစာအုပ်ဖတ်တဲ့ ယဉ်ကျေးမှုမရှိသလို ဖြစ်နေတယ်။ ဖေ့စ်ဘွတ်ကဖတ်ရတဲ့ ရသနဲ့ စာမျက်နှာပေါ်ကဖတ်ရတဲ့ရသဟာ စာဖတ်သက်ရလာရင်တော့ လူတိုင်းသဘောပေါက်ကျမှာပါ။ အခုဟာက ခေတ်နောက်ကျနေသလို ပညာရည်မပြည့်ဝတော့ဘူး။ နွားကျောင်းသား၊ ဆိတ်ကျောင်းသားတောင် အဆင့်မြင့်တဲ့ တယ်လီဖုန်းကိုင်ပြီး ကောင်းကျိုးမျှော်တဲ့ အရသာနဲ့ မကောင်းကျိုးတွေ ပါတဲ့အရသာကို ဘယ်အရာကို ဖွင့်ကြည့်မလဲဆိုရင် မကောင်းတဲ့အရာကိုပဲ တတ်လွယ်ပြီး အတုခိုးမှာပါ။ တချို့ဖေ့စ်ဘွတ်မှာ ကျွန်တော်တို့ ရသစာတမ်းလောက်တောင်ရှိတယ်။ အဲဒီလို အကျိုးမဲ့တွေရေးမယ့်အစား တစ်လုံးပဲရရပေါ့။ အခုချက်ချင်း ကြိမ်လုံးနဲ့ရိုက်ပြီး အားလုံးရစေ သတည်းတော့မရနိုင်ဘူး။ ကျွန်တော်တို့ စာပေသမားတွေအနေနဲ့ ရနိုင်သမျှရအောင် ဘဝဆိုတာဘာလဲ၊ ဒုက္ခဆိုတာဘာလဲ၊ ရသဆိုတာဘာလဲဆိုတာတွေကို တစ်စုံတစ်ရာတွေးခေါ်လို့ရအောင် ယဉ်ကျေးလိမ္မာတဲ့ဘက်ကို ပါလာအောင် နည်းနည်းချင်း သိမ်းသွင်းတဲ့သဘောမျိုး လုပ်ဆောင်ရတာဖြစ်ပါတယ်။ ပြောရရင် နှလုံးသားကို ပွဲပြင်တယ်လို့ ပြောလိုပါတယ်။ ကျွန်တော်တို့ဆီမှာက ဝတ္ထုရေးတဲ့လူ ပေါတယ်၊ ဆောင်းပါးရေးသူလည်း ပေါတယ်၊ ကဗျာရေးတဲ့လူလည်းပေါတယ်။ ဒါပေမယ့် ရသစာတမ်းရေးတဲ့လူကတော့ ရှားတယ်။ စာဖတ်သူရဲ့ နှလုံးသားကို ယဉ်ကျေးသိမ်မွေ့အောင်၊ ဘဝကိုချစ်မြတ်နိုးတတ်အောင်၊ ပတ်ဝန်းကျင်ကို စူးစိုက်တတ်အောင် ကရုဏာမုဒိတာပါမှ လှတဲ့စူးစိုက်မှုဖြစ်မှာပါ။ စာရေးဆရာကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် တော်တော်လေးထိန်းကျောင်းပြီး ရေးရပါတယ်။ တစ်ခါပဲဖတ်ဖတ်၊ နှစ်ခါပဲဖတ်ဖတ် အသိပညာဗဟုသုတတွေ ရသွားလိမ့်မယ်လို့ထင်ပါတယ်။

**မောင်စိမ်းနောင်(လယ်ဝေး)**

အရင်က လူအများဆုံးဖတ်တာက ဝတ္ထုပါ၊ လူဆိုတာက လူအကြောင်း ပိုစိတ်ဝင်စားတာကို၊ ဝတ္ထုဆိုတာက လူအကြောင်းကို စိတ်ကူးဉာဏ်လေးနဲ့ ဖတ်ချင်စဖွယ်ဖြစ်အောင် လုပ်ထားတာဖြစ်တယ်။ နောက်ပိုင်း ကဗျာတွေဖတ်လာတယ်။ အခုတော့ စာတမ်းတွေဖတ်လာတယ်။ စာတမ်းတွေကိုစိတ်ဝင်စားလာတာဟာလည်း အနုပညာကို စိတ်ဝင်စားတာဖြစ်တဲ့အတွက်တော့ အကောင်းဘက်ကို ရွေ့လာတယ်လို့ ကျွန်တော်ထင်ပါတယ်။ အများအားဖြင့် အက်ဆေးဖတ်လိုက်ရတာက ဒေါသဖြစ်စရာမပါဘူး။ ကြည်နူးစရာ အချက်လေးနဲ့ အေးချမ်းတဲ့ရသကို ပေးစွမ်းတာဖြစ်ပါတယ်။ ခံစားမှုပါရင်တောင်မှ တစ်ယောက်နဲ့တစ်ယောက် ပခုံးဖက်ပြီး နွေးထွေးတဲ့သဘောနဲ့ ပြောတာတွေက မေတ္တာတရားတွေ၊ အကြင်နာတရားတွေပါတယ်။ အဲဒါကတော့ အက်ဆေးရေးရတဲ့အရသာနဲ့ ဖတ်ရတဲ့အရသာလို့ ကျွန်တော်ကတော့ မြင်ပါတယ်။ တခြားသော စာပေဆုတွေကတော့ ဘာသာရပ်အလိုက် ပေါ်နေတာကြာပြီပေါ့။ ကျွန်တော်ကိုယ်တိုင် ကလေးကဗျာတွေ၊ ကလေးစာပေတွေနဲ့ လူကြီးစာပေတွေနဲ့ ဆုရရှိခဲ့ဖူးပါတယ်။ သို့သော် အခုလို ဆုဆိုတာက ပေးတာလည်း မကြာသေးဘူး။ ကျွန်တော်တို့နိုင်ငံမှာ အခုမှ အက်ဆေးကိုစိတ်ဝင်စားရကောင်းမှန်း သိလာတဲ့ခေတ်ကြီးမှာ ကျွန်တော် နှစ်သက်မြတ်နိုးတဲ့ ရသစာတမ်းနဲ့ ဆုရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်စိမ်းနောင်(လယ်ဝေး)**
**ကဗျာ(ဂန္ထဝင်)ဆုရှင်**

မြန်မာဂန္ထဝင် ကဗျာဆုရရှိခဲ့တာဖြစ်ပါတယ်။ အခုလောလောဆယ်ကတော့ ကဗျာရွတ်ဆိုပွဲတွေပြန်လုပ်သင့်ပါတယ်။ နောက်တစ်ခုကတော့ အလယ်တန်း၊ အထက်တန်း ကျောင်းသားအရွယ်နဲ့ တက္ကသိုလ်အဆင့်တွေအနေနဲ့ ကဗျာနဲ့ ရင်းနှီးကျွမ်းဝင်လာမယ်ဆိုရင် နောက်နှစ် ၂၀ ဆိုရင် ပြင်ပလောကမှာ ကဗျာနဲ့ပတ်သက်ပြီး လူတော်လူတတ်တွေဖြစ်လာမှာ ဖြစ်ပါတယ်။ အခုလူငယ်တွေကတော့ ကဗျာထက်လွယ်ကူတဲ့ ဝတ္ထုတို့ အက်ဆေးတို့ ဆောင်းပါးတို့တောင် သိပ်ရှည်ရင် မဖတ်ချင်ကြတော့ဘူး။ မဖတ်ချင်တဲ့အခါကျတော့ ကျွန်တော်တို့ မြန်မာကဗျာတွေကလည်း ရှည်ရှည်လျားလျား တွေသိပ်မရှိပါဘူး။ မဂ္ဂဇင်းတွေမှာဆိုရင် တစ်မျက်နှာစာတို့ နှစ်ပိုဒ်စာလောက်တို့နဲ့ တိုတိုထိထိလေး ရေးတာရှိပါတယ်။ ကဗျာဆိုတာကလည်းအကြောင်းအရာနဲ့ ထိထိမိမိဖွဲ့နွဲ့ကြတာများပါတယ်။ မြန်မာကဗျာကတော့ အားနည်းသွားတယ်ဆိုပေမယ့် လူတိုင်းပါးစပ်ဖျားမှာ ကာရန်တွေနဲ့ပြောကြတာတွေက အခုထိရှိနေဆဲပါပဲ။ မြန်မာကဗျာဟာ မွေးကင်းစကနေ သေဆုံးတဲ့အထိ ကဗျာနဲ့ မလွတ်ပါဘူး။ အခုဒီနေ့ရတဲ့ဆုကတော့ မြန်မာကဗျာဖွဲ့နည်း တော်တော်လေး စုံစုံလင်လင်ပါပါတယ်။ ကျွန်တော်နဲ့အတူတူ ထွက်ရှိခဲ့တဲ့ ကဗျာစာအုပ်တွေ အကောင်းတွေအများကြီးရှိပါတယ်။ ရမယ်လို့ မထင်ထားခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော့်ကို ထိုက်ထိုက်တန်တန်နဲ့ ရွေးချယ်လိုက်တဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

စာမျက်နှာ ၁၂ သို့ ❖

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/ရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားဝါသနာရှင်များနှင့် အများပြည်သူများ အားကစားလေ့ကျင့်ခန်းများ ပျော်ရွှင်စွာ လာရောက်ပြုလုပ်နိုင်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘောလုံးကွင်း စိမ်းလန်းစိုပြည်စေရေး၊ လူငယ်များ စိတ်ချမ်းမြေ့စွာ ကစားနိုင်စေရေးတို့အတွက် ပုံမှန်မြက်ဖြတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားပြီး ပွဲကြည့်စင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖျာပုံမြို့နယ် ခရိုင်အားကစားခန်းမနှင့် ဘိုကလေးမြို့နယ် ပြည်သူ့အားကစားကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်နှင့် အားကစားရုံ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြား၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် မော်ရွှေဝါအားကစားခန်းမ၊ စားပွဲတင်တင်းနစ်လေ့ကျင့်ရေးစခန်း (မော်ကျွန်းကလပ်)၊ မော်လမြိုင်ကျွန်းမြို့နယ် အားကစားကွင်း၊ အားကစားပြိုင်ပွဲရုံသစ်၊ ဗိုလ်ဗလအားကစားကွင်းနှင့် ဝါးခယ်မမြို့နယ်ရှိ ရွှေခယ်သီရိအားကစားကွင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့၌ ပေ ၃၈၀xပေ ၁၄၀ အဆင့်မြင့် ရေကူးကန် ပွဲကြည့်စင်ပါ မိုးလုံလေလုံ Indoor Stadium တည်ဆောက်နေမှုနှင့် ပုသိမ်မြို့နယ် ကျောက်တိုင်အားကစားပြိုင်ကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စတေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကျင်းပ





ရန်ကုန် ဒီဇင်ဘာ ၁၃

အမျိုးသားရေးတက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စတေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်း သီဆိုကာ အခမ်းအနားကိုဖွင့်လှစ်ပြီး အမျိုးသားရေးဆရာတော် ဦးပညာဝံသက ဟောပြောဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ သာသနာဖျက်အားပေး တီမော (အလိုမရှိ)၊ အကြမ်းဖက်အားပေး တီမော (အလိုမရှိ)၊ အကြမ်းဖက် NUG၊ PDF(အလိုမရှိ)၊ မြန်မာ့ပြည်တွင်းရေး (ဝင်မစွက်နဲ့)၊ ပြည်တွင်းရေးစွက်ဖက်သူ (ဒို့ရန်သူ)၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စတေနိုင်ငံနှင့်ပြည်ပနိုင်ငံများအား (ဆန့်ကျင်ကြ) ကြွေးကြော်သံများကိုသံပြိုင်ကြွေးကြော်ကြသည်။

ယင်းနောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဟောပြောဆွေးနွေးကြပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်းသံပြိုင်သီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ ဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေးတက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး နိုင်ငံရေးပါတီဝင်များ၊ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြသည့်ပြည်သူများ ပူးပေါင်းပါဝင်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၁ မှ

**ဝတ်ရည်ခင်(ပဲခူး)**

**ကလေးစာပေဆုရှင်**

ကလေးစာပေနဲ့ လူငယ်စာပေက ကွဲပြားပါတယ်။ လူငယ်တွေကျတော့ မူးယစ်ဆေးဝါးတွေ၊ အပေါင်းအသင်း မှားတာတွေ၊ မျိုးချစ်စိတ်ဓာတ်ရှိအောင် ပညာတစ်ခုကို ပြီးဆုံးအောင်သင်ယူမှုရှိအောင်၊ မိဘရဲ့ဂုဏ်၊ လူမျိုးရဲ့ဂုဏ်၊ တိုင်းပြည်ရဲ့ဂုဏ်ကို စောင့်ထိန်းရမယ်လို့ ဆုံးဖြတ်ချက်ချရမယ့်အရွယ်တွေ အတွက်ကတော့ လူငယ်စာပေလို့ ဆိုချင်ပါတယ်။ ကျွန်မတို့ စာရေးသူတွေအနေနဲ့ ဒါမှားတယ်၊ ဒါမှန်တယ်ဆိုတာတွေသိလာအောင် လမ်းပြပေးရမှာဖြစ်ပါတယ်။ ကလေးတွေမှာရှိတဲ့ ကိုယ်ချင်းစာနာတတ်တာတွေ၊ သူများကိုမနာလိုရင် ကိုယ့်အတွက် အကျိုးယုတ်တာတွေရှိတာကြောင့် ကလေးတွေအတွက် အများကြီး ရေးပေးရပါတယ်။ လူငယ်ကျတော့ လမ်းမှားမရောက်အောင် မီးမောင်းထိုးပြရတာဖြစ်တဲ့အတွက် ကလေးစာပေနဲ့ လူငယ်စာပေမှာ ရေးပုံရေးနည်းကအစ အတော်လေးကွာပါတယ်။ ပညာကို ထူးချွန်စွာနဲ့ ဆုံးခန်းတိုင်အောင်ဖြစ်ဖို့ လူငယ်စာပေတွေထဲမှာ အဲဒီအကြောင်းအရာတွေကို ရေးပေးရပါတယ်။ ကလေးစာပေကို ရေးရတဲ့ ရည်ရွယ်ချက်ကတော့ ကလေးတွေကို မျိုးချစ်စိတ်ဓာတ်ရှိစေချင်တယ်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းတတ်စေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ရေးသားဖြစ်ခဲ့တာပါ။ ကလေးစာပေကို ရေးသားခြင်းအားဖြင့် ကလေးတွေ ပြောတာ၊ ဆိုတာ၊ ဆက်ဆံတာကအစ လိမ္မာယဉ်ကျေးလာမယ်။ သစ်ပင်၊ သစ်တောတွေကို ချစ်ခင်မြတ်နိုးလာမယ်။ သတ္တဝါတွေကို သတ်ဖြတ်တာတွေမလုပ်ဘဲ စာနာတတ်လာမယ်ဆိုတဲ့ အသိဗဟုသုတတွေရစေလိမ့်မယ်လို့ ယူဆပါတယ်။ ကလေးတွေကိုဖုန်းတွေပေးကြည့်တာက ပထမဆုံး မျက်စိပျက်စီးမယ်၊ အသိအာရုံကြောတွေပျက်စီးမယ်။ ဖုန်းပေးထားရင် နေတယ်ဆိုပြီး မိဘတွေကပေးထားတယ်။ ဒါကြောင့် ကလေးတွေနဲ့ဖုန်းနဲ့က လုံးဝမသင့်တော်ပါဘူး။ ကလေးတွေ စိတ်ချမ်းသာအောင်၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် အခြားနည်းလမ်းတွေနဲ့ လုပ်ပေးကြပါလို့ ကလေးစာပေမှာ ရေးသားပေးထားပါတယ်။

## ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာဆိုတော်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပန်းတောင်း ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ်နှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဥသျှစ်ပင်မြို့ စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှကျော်(မောင်လှကျော် - ပန်းတောင်း)က အသင်း၏ဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သော သဝဏ်လွှာအား အတွင်းရေးမှူး ဦးနေဒူး (ခွန်နေဒူး - သနီမြေ)က လည်းကောင်း၊ ရှေးစာဆိုတော်ကြီးများ၏ ထေရုပ္ပတ္တိများကို ဦးတင်လှိုင် (ရွှေအိုး-ဖောင်းကန်) ကလည်းကောင်း၊ ကဗျာပြိုင်ပွဲ အမှတ်ပေးရွေးဆုချီးမြှင့်ခြင်းကို ဦးအောင်မျိုးသူ (ကိုအောင်နွေဦး-ဆင်တဲ) ကလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်း/လယ်တန်းကျောင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများ၏ ကဗျာပြိုင်ပွဲမှ ပထမဆု မဆုမြတ်လွင် ( အထကခွဲ - ဆင်တဲ)၊ ဒုတိယဆု မောင်ကောင်းမြတ်ဖြိုး (အထကခွဲ-ဆင်တဲ)၊ တတိယဆု မောင်ယောအလင်္ကာဝင်း (အထကခွဲ-ပေကုန်း)နှင့် နှစ်သိမ့်ဆုရရှိသူ လေးဦး၊ စုစုပေါင်းခုနစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းနှင့်ဆုငွေများကို အခမ်းအနားတက်ရောက်လာကြသူများက ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သက်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ဖျက်ဆီးခြင်းနှင့် ကျောက်တံခါးမြို့နယ်အတွင်း မန္တလေး-ရန်ကုန် လူစီးရထားအား ရီမုမိုင်းဖြင့်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား ပြည်သူလူထုလူမှုစီးပွားဘဝ ထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု၊ ၁၃-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့၊ နမ့်ခမ်းမြို့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ မြောက်ဦးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မနက် ၆ နာရီ ၁၅ မိနစ်အချိန်လောက်မှာ KNLA ၊ PDF အကြမ်းဖက် သောင်းကျန်းသူတွေက မြဝတီမြို့နယ် သက်န်းညီနောင်မှာရှိတဲ့ 230 KV ဓာတ်အားခွဲရုံကို Drop Bomb နဲ့ ပစ်ချတိုက်ခိုက်ခဲ့ပါတယ်။ ဒါကြောင့် ဓာတ်အားခွဲရုံမှာရှိတဲ့ ဓာတ်အားခွဲရုံသုံး ပစ္စည်းတွေ၊ အဆောက်အအုံတွေ ပျက်စီးခဲ့တာရှိပါတယ်။ အဲဒါကြောင့် သက်န်းညီနောင်-မြဝတီဘက်မှာတော့ လျှပ်စစ်ဓာတ်အားပေးပို့မှု ပြတ်တောက်လျက်ရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးစဉ်းစားကြည့်ရင် လျှပ်စစ်ဓာတ်အားဆိုတာက အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထုကသုံးစွဲတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဒဏ်ကို ပြည်သူလူထုပဲ ခံရတာဖြစ်ပါတယ်။ သောင်းကျန်းသူတွေအနေနဲ့ကတော့ ဒါတွေကိုထည့်တွက်မှာမဟုတ်ပါဘူး။ သူတို့ရဲ့လိုလားချက်က သူတို့ရဲ့ ဘဏ္ဍာငွေရရှိရေး၊ အကြောက်တရားနဲ့ခြိမ်းခြောက်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝပျက်စီးစေရေး ဒါတွေကိုပဲ သူတို့ဆောင်ရွက်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဆိုတာက ဘယ်အစိုးရပဲတက်တက် ပြည်သူတွေသုံးစွဲတာပဲ ဖြစ်တယ်။ ပြည်သူတွေအတွက် အစိုးရအဆက်ဆက်က လုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင်ပြောရမယ်ဆိုရင် အဲဒီဒေသတွေမှာ KNLA၊ KNU အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အမျိုးအဆွေတွေပါ အဲဒီမြို့နယ်တွေမှာ နေတာပဲဖြစ်ပါတယ်။ သူတို့ပဲသုံးစွဲနေတာ ဖြစ်ပါတယ်။ သူတို့လည်းသုံးစွဲနေတာဖြစ်ပါတယ်။ ဒီလိုမျိုးဖျက်ဆီးခဲ့တဲ့ဖြစ်စဉ်ပေါင်း မြောက်မြားစွာရှိပါပြီ။ လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲတာတွေ၊ ဓာတ်အားခွဲရုံတွေကို ဖျက်ဆီးတာတွေ၊ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး လိုအပ်ချက်ရှိနေတဲ့ကြားမှာ ဒီလိုဆောင်ရွက်တဲ့ကိစ္စတွေက ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရမယ့် လုပ်ငန်းတွေဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီလိုပါပဲ ဒီအဖွဲ့ပါပဲ KNLA၊ KNU၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဒီနေ့မနက် ၃ နာရီခွဲလောက်မှာ ကျောက်တံခါးဘူတာကနေထွက်လာတဲ့ ရန်ကုန် – မန္တလေး အမှတ်(၆) အစုန် လူစီးအမြန်ရထားကို မိုင်တိုင်အမှတ်(၁၀၄)နဲ့(၁၀၃)နေရာမှာ ရထားလမ်းကို မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါကြောင့် ရထားစက်ခေါင်းနဲ့အတူလူစီးတွဲသုံးတွဲ လမ်းချော်မှုဖြစ်ပွားခဲ့ပါတယ်။ လမ်းခရီးမှာ ခရီးသည်စုစုပေါင်း ၉၀၀ လောက် လမ်းခရီးကြန့်ကြာမှု အခက်အခဲများ ဖြစ်ပေါ်ခဲ့ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာ့မီးရထားအနေနဲ့ အချိန်နဲ့ တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသည်တွေအတွက် အဆင်ပြေအောင် ထမင်းဘူးတွေဝေငှပေးတာတွေ၊ သောက်သုံးရေ အဆင်ပြေအောင် ဆောင်ရွက်ပေးတာတွေ ဆောင်ရွက်ခဲ့ရပါတယ်။ ရထားလမ်းဆိုတာက တိုင်းပြည်ရဲ့ကုန်စည်ပို့ဆောင်ရေး၊ တိုင်းပြည်ရဲ့အခြေခံ



လူတန်းစားတွေ အများဆုံးအသုံးပြုကြတဲ့ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပါတယ်။ ဒီလိုဟာတွေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေစပြီး ဒီနေ့အထိ ရထားလမ်းတွေ၊ ရထားဘူတာတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ (၁၂၉)ကြိမ်ရှိပါပြီ။ တံတားတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ(၄၆)ကြိမ် ရှိပါပြီ။ ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ၊ နိုင်ငံတော်ရဲ့အခြေခံအဆောက်အအုံတွေကို အခြေခံကျကျဖျက်ဆီးပစ်နေတာပဲဖြစ်ပါတယ်။ ဒါ့အပြင် မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုကို မီးရှို့ဖျက်ဆီးတာ၊ မိုင်းထောင်ဖောက်ခွဲတာတွေလုပ်ခဲ့တယ်။ ပြည်သူလူထုရဲ့ပညာရေးဖြစ်တဲ့ စာသင်ကျောင်းတွေနဲ့ ပညာရေးနဲ့ ပတ်သက်တဲ့အဆောက်အအုံ ၇၇၃ လုံးကို ဖျက်ဆီးခဲ့တယ်၊ မိုင်းထောင်ဖောက်ခွဲခဲ့တယ်။ ဒါ့အပြင် တချို့နေရာတွေမှာဆိုရင် စာသင်ကျောင်းတွေကို သူတို့ရဲ့စစ်ရေးအရအသုံးပြုပြီး သင်တန်းကျောင်းတွေလုပ်တာတွေ၊ စစ်ရေးအရအသုံးပြုပြီး စာသင်ကျောင်းထဲမှာ ဘန်ကာတွေဆောက်၊ ဆက်သွယ်ရေးမြောင်းတွေတူးပြီး စစ်စခန်းအဖြစ်အသုံးပြုခဲ့တာတွေ အကြိမ်ကြိမ်ရှိပြီးဖြစ်ပါတယ်။ ဒါတွေက တိုင်းပြည်ရဲ့ယခုလက်ရှိ ပစ္စုပ္ပန်ကာလကိုရော၊ အနာဂတ်ကာလကိုရော ဖျက်ဆီးပစ်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို အားပေးနေမယ်ဆိုရင် မိမိကိုယ်တိုင်နေတဲ့နေအိမ်၊ မိမိကိုယ်တိုင်နေတဲ့အသိုက်အမြုံကို မိမိကိုယ်တိုင်ဖျက်ဆီးပစ်နေတာနဲ့တူတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဖြစ်စဉ်တွေအနေနဲ့ကတော့ ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ဆန်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ နမ့်ခမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မြောက်ဦးဘက်မှာတပ်ကို မြောက်ဦးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဘုရားတွေကြားထဲမှာပဲ၊ ဘုရားစေတီတွေကြားထဲမှာပဲ AAအနေနဲ့ ခံကတုတ်တွေ၊ ယာယီနေရာတွေပြုလုပ်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုလည်း အဓိကဖြစ်စဉ်က TNLA အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ဖြစ်နေတာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဘက်မှာတော့ ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းကို ဒီနေ့မနက်ပိုင်းမှာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ရှုပ်ရှုပ်ချုံချုံခုခံမှုကြောင့် ရန်သူစခန်းထဲကို အနည်းငယ်ဝင်ရောက်ပြီး နောက်ပိုင်းမှာ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားခဲ့ရကြောင်း ကျွန်တော်တို့တွေ့ရပါတယ်။

ဒီနေ့မှာတော့ ထူးခြားမှုအနေနဲ့ TNLA၊ AA ရဲ့ သူတို့ပြုလုပ်နေတဲ့ သတင်း မီဒီယာတွေထဲမှာ ဘာတွေတွေ့ရတုန်းဆိုတော့ သူတို့ကို တပ်မတော်ကပဲ စတိုက်သယောင် လေသံပြောင်းလာတာကို တွေ့ရပါတယ်။ ဘာကြောင့်ဒီလိုလေသံပြောင်း ဒီလိုလေသံပြောင်းတယ်ဆိုတာကတော့ အားလုံးယခင်ကတည်းက ကျွန်တော်ပြောခဲ့တဲ့ စကားတွေနဲ့ ဆက်စပ်ပြီးရင် သုံးသပ်ကြည့်မိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားဒေသတွေ၊ သူတို့လှုပ်ရှားနေတဲ့ ဒေသတွေမှာ စတင်တိုက်ခိုက်မှုမရှိခဲ့ပါဘူး။ ၎င်းတို့ကသာ စတင်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ ယခင်တုန်းက သူတို့တိုက်ခိုက်ခဲ့တဲ့ဟာတွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့တင်နေတဲ့အဖွဲ့တွေက ဒီနေ့ကျမှ လေသံပြောင်းပြီး တပ်မတော်ကစတင်တိုက်ခိုက်တယ်ဆိုတဲ့ပုံစံမျိုး လေသံပြောင်းပြီး တိုက်ခိုက်နေတာမျိုးတွေရှိပါတယ်။ လေသံပြောင်းပြီးဆောင်ရွက်နေတာမျိုးတွေ ရှိပါတယ်။ ဒီလိုအခြေအနေမျိုးတွေဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့များအားလုံး ငြိမ်းချမ်းရေးကို အကျိုးဆောင်နေတဲ့ ပြည်တွင်းပြည်ပအဖွဲ့များအားလုံးက သတိပြုမိဖို့လိုပါတယ်။ ဂရုစိုက်ဖို့လိုပါတယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာကို အားလုံးရိပ်မိကြမယ်လို့ ထင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## မိုင်းကိုင်မြို့နယ် နမ့်မော်မွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မိုင်းကိုင် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် စုံလောကျေးရွာအုပ်စု နမ့်မော်မွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် နမ့်မော်မွန်ကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အရှည်နှစ်မိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

နမ့်မော်မွန်ကျေးရွာတွင် အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၀၃ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသော သောက်ရေ /သုံးရေများ ရာသီမရွေး ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၃

ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

■ ကျောဖုံးမှ

ရထားလမ်းချော်ကျမှုကြောင့် ကျောက်တံခါး-ပိန်းဇလုပ်အကြား ရထားလမ်းပိုင်းအား နံနက် ၄ နာရီတွင် ခေတ္တပိတ်ထားခဲ့ရသည့်အတွက် အခြားလူစီးရထားများဖြစ်သည့် အမှတ်(၁)အဆန် လူစီး/ကုန်တင်ရထားသည် ပိန်းဇလုပ်ဘူတာ၌ နံနက် ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၂) အစုန် လူစီး/ကုန်တင်ရထားသည် ကျောက်တံခါးဘူတာ၌ နံနက် ၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ အမှတ်(၄)အစုန် လူစီးအမြန်ရထားသည် ဖြူးဘူတာ၌ နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း အသီးသီးရပ်တန့်ထားရှိခဲ့ရသည်။ လမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန် လူစီးအမြန်ရထားတွင် ခရီးသည် ၄၂၆ ဦး၊ အမှတ်(၄) အစုန် လူစီးအမြန်ရထားတွင် ခရီးသည် ၃၂၃ ဦး၊ အမှတ်(၁) အဆန်နှင့် အမှတ်(၂) အစုန် လူစီးကုန်ရထားများတွင် ခရီးသည် ၁၀၀ ခန့်ပါရှိ၍ ရထားစီးခရီးသည် စုစုပေါင်း ၉၀၀ ခန့် လမ်းခရီး၌ ကြန့်ကြာမှု အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။

ဇလီဖားတုံးများအား အစားထိုးလဲလှယ်

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်အား နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့များက အချိန်နှင့်တစ်ပြေးညီ နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများက မိုင်းပေါက်ကွဲမှုကြောင့် ပြတ်တောက်ပျက်စီးသွားသော ရထားသံလမ်း ၁၅ ပေခန့်နှင့် ကွန်ကရစ် ဇလီဖားတုံးများအား အစားထိုးလဲလှယ်ခြင်းနှင့် တံတား



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်ဘက် ဆက်လက်လိုက်ပါမည့်ခရီးသည်များအား မော်တော်ယာဉ်ဖြင့် ရွှေ့ပြောင်းပေးမှု မှတ်တမ်းဓာတ်ပုံ။



တံတားအမှတ် (၁၄၆) မိုင်းပေါက်ကွဲမှုနေရာအား ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

အမှတ်(၁၄၆)၏ ကွန်ကရစ်ကြမ်းခင်း ရှစ်ပေခန့် ပေါက်ထွက်ပျက်စီးမှုများအား အမြန်ဆုံး အချိန်နှင့်တစ်ပြေးညီ ပြန်လည်မွမ်းမံပြုပြင်လျက်ရှိပြီး ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြန်မာ့မီးရထား တာဝန်ရှိသူများက ရထားလမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန်ရထားမှ ကျန်ရှိသည့် ခရီးသည်များနှင့် ဖြူးဘူတာတွင် ရောက်ရှိနေသော အမှတ်(၄) အစုန် လူစီးအမြန်ရထားမှ ခရီးသည်များအတွက် နေ့လယ်စာ ထမင်းဘူးများ ဝေငှဖြည့်ဆည်းပေးခြင်းနှင့် သောက်ရေ/သုံးရေများ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမှတ်(၄)အစုန် ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ဖြူးဘူတာမှ ရန်ကုန်ဘက်သို့ မော်တော်ယာဉ်ကြီး သုံးစီးဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ အမှတ်(၆) အစုန်နှင့် အမှတ်(၂)အစုန် ရထားများဖြင့် လိုက်ပါလာသည့် ခရီးသည်များအား ကျောက်တံခါးဘူတာမှ ရန်ကုန်ဘက်သို့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း မော်တော်ယာဉ်ကြီးနှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ရန်ကုန်နှင့် မန္တလေးဘူတာကြီးတို့မှ ယနေ့ထွက်ခွာမည့် လူစီးရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ပိတ်မိနေသော ခရီးသည်များအား နေ့လယ်စာထမင်းဘူးများ လိုက်လံဝေငှနေမှု မှတ်တမ်းဓာတ်ပုံ။

ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၁၂၉ ကြိမ်၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းများနှင့် ရထားတွဲများ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ခရီးသွားပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သက်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

နေပြည်တော် ဒီဇင်ဘာ ၁၃

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အရပ်သားများနေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိက အဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးတာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များ၊ စက်ရုံများကို ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

**Drop Bomb ပစ်ချတိုက်ခိုက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မြဝတီမြို့နယ် သက်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drone ဖြင့် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံရှိ 50 MVA Main Transformer ၏ Generator Circuit Breaker၊ အအေးခံကိရိယာနှင့် ကြွေသီးနှစ်လုံး၊ 20 MVA Main Transformer ၏ အအေးခံကိရိယာများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး မြို့နယ်အတွင်း ဒေသခံပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှု ပြတ်တောက်လျက်ရှိကြောင်းနှင့် အဆိုပါ ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံအား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




50 MVA ကြွေသီး နှစ်လုံး ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



50 MVA အအေးခံကိရိယာ ပေါက်ပြဲမှုမှတ်တမ်းဓာတ်ပုံ။



50 MVA Generator Circuit Breaker ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



50 MVA Generator Circuit Breaker ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



20 MVA အအေးခံကိရိယာပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## စားစာခံအဖြစ်အဖမ်းခံထားရသည့် မိဘမဲ့ဂေဟာက ကလေး ၃၅ ဦးနှင့် တာဝန်ရှိသူ ၄ ဦးကို ဒေသကာကွယ်ရေးတပ်ဖွဲ့များ ပြန်ကယ်ထုတ်နိုင်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့ရှိ မိဘမဲ့ဂေဟာမှ ကလေးငယ် ၃၅ ဦးနှင့် တာဝန်ရှိသူ လေးဦးကို တပ်မတော်မှ စားစာခံအဖြစ် ဖမ်းဆီးထားသဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များက ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်ဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ ဒေသခံတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ "သတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ မည်သည့်အခါမျှ ပြည်သူလူထုကို အနိုင်ကျင့်ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်မှုမရှိပါကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း" သိရသည်။

သတင်းစဉ်




## စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦး ပစ်ခတ်ခံရပြီး နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်သတင်းအမှားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦး ပစ်သတ်ခံရပြီး နေအိမ် ၃၀ ကျော်အား မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၂ ရက်တွင် ပန်းချီကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာအတွင်း ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း




သိရှိရသည်။ တပ်မတော်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ပြည်သူလူထု ထိခိုက်နစ်နာစေမည့် လုပ်ရပ်များကို မည်သို့သောအခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဒေသခံပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်း၍ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေး ဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် မဟုတ်မမှန်လုပ်ကြံ၍ သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sai Tay Za" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ Grand Master အရက်ချက်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် အက်ကြီးကျေးရွာနေ ရဲပြည်စုံအား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Phyo thiri(Smile)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်နေ သွယ်သွယ်ဖြိုးအား ည ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လေးမျက်နှာမြို့နယ်ရှိ လမ်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းကြီးကြပ်

လေးမျက်နှာ ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်း လုံခြုံချောမွေ့စေရေးအတွက် Amatory ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ၂၂၅ ဒသမ ၃၁၂ သန်းဖြင့် ပဆင-ခတ္တူ-ထူပါရုံဘုရားလမ်း ကျောက်အမာခံခင်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ(မြို့ပြ)ဦးမြင့်လင်းက ဒီဇင်ဘာ ၁၂ ရက်က ကွင်းဆင်းကြီးကြပ်သည်။

အဆိုပါလမ်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေနှင့် ဒု ၁၄ လက်မရှိသော ကျောက်အမာခံလမ်းဖြစ်ကြောင်း၊ လုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လမ်းပြီးစီးသွားပါက ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၀၉၄ အိမ်နှင့် လူဦးရေ ၉၂၆၈ ဦးတို့အား ရာသီမရွေး အကျိုးပြုနိုင်ကြောင်း သိရသည်။

တင်ရွှေ(ပြန်/ဆက်)

# MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်ခိုင်မာမှုရှိစေရေး ပဲခူးနှင့် ပြည်မြို့တို့တွင် ဒေသထွက်ကုန်အရောင်းစင်တာများ ဖွင့်လှစ်ပေးထားပြီးဖြစ်

**ပဲခူး ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်းက အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး ပိုမိုထုတ်လုပ်တင်ပို့ရန် Action Plan ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊ သဘာဝမြေဩဇာ ထုတ်လုပ်ခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲနိုင်ရေးအတွက် လူတန်းစားမရွေး သုံးစွဲနိုင်သည့် တန်ဖိုးနည်း လယ်ယာသုံး စက်ကိရိယာများ တီထွင်ကြံဆထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ပေးသွားရမည် ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် လုပ်ငန်းရှင် ၁၈၃ ဦးအား ၁ ဒသမ ၅ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်သည့်အပြင် လိုအပ်သည့် နည်းပညာနှင့် ထုပ်ပိုးမှုစက်ပစ္စည်းများလည်း ပံ့ပိုးပေးထားခဲ့ပြီးဖြစ်ကာ ပဲခူးမြို့နှင့် ပြည်မြို့တို့တွင် ဒေသထွက်ကုန် အရောင်းစင်တာများလည်း ဖွင့်လှစ်ပေးထားနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။




ထို့နောက် တက်ရောက်လာသည့် ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ သာယာဝတီ၊ ပြည်၊ နတ်တလင်းတို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဒေသအလိုက် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှု နှင့် ချေးငွေထုတ်ချေးပေးမှု အခြေအနေများကို လည်းကောင်း၊ MSMEs လုပ်ငန်းရှင်များက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှု၊ ဈေးကွက်ပိုမိုတိုးတက်ရရှိမှုနှင့် ထုပ်ပိုးမှုစနစ်များ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက MSMEs လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသတွင်း MSMEs လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်ငူခရိုင်မှ ထုတ်လုပ်ထွက်ရှိသည့် Life House Coffee ကို ပြည်ပဈေးကွက်အဖြစ် ထိုင်းနိုင်ငံသို့ ကော်ဖီတန် ၃၀ နှင့် ဥရောပနိုင်ငံသို့ ကော်ဖီတန် ၅၀ တင်ပို့ခွင့် အော်ဒါလက်ခံရရှိထားပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်တွင် မြေနိမ့်ကော်ဖီ ရိုဘက်စတာကို ဧက ၁၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်က ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အား ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ပြီးစီးပါက လေရှီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ရှိ ပြည်သူများအတွက် အိန္ဒိယနိုင်ငံ နယ်စပ်အထိ နှစ်နိုင်ငံ ကူးသန်းသွားလာမှုကို များစွာအထောက်အကူပြုသည့် လမ်းမကြီးပေါ်တွင် တည်ရှိသည့် တံတားကြီး တစ်စင်းဖြစ်ပါကြောင်း၊ ထို့အပြင် ဆွမ္မရာမြို့၊ ပန်ဆပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုစေမည်ဖြစ်ပြီး ဒေသထွက်ကုန်များ ရောင်းဝယ်မှုအတွက်ပါ အကျိုးပြုစေမည်ဖြစ်ပါ၍ တည်ဆောက်ရေးလုပ်ငန်းများကို သက်မှတ်ကာလတွင်ပြီးစီးအောင် တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် သက်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် တည်ဆောက်ပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကိုလည်း သတိပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်းတို့ကို အသေးစိတ်မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်ကူး တံတား(ထမံသီ) တံတားကြီး၏ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားကြီး တည်ဆောက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)သည် ဟုမ္မလင်း-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ တည်ဆောက်မည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း ၊ ရေလမ်းကင်းလွတ် အမြင့်ပေ ၄၀(HFL)ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အပြီးတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက် ရှိသည့်အပြင် စားသောက်ဖွယ်ရာများလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ထွက် အဆင့်မြင့်ဆားကြမ်းကို တောင်ကိုရီးယားနိုင်ငံသို့တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ်မှထွက်ရှိသည့် အဆင့်မြင့်ဆားကြမ်းကို တောင်ကိုရီးယားနိုင်ငံသို့တင်ပို့ရန် ပို့ကုန်လိုင်စင်ဆောင်ရွက်နေကြောင်း သတ္တုတွင်းဦးစီးဌာန မွန်ပြည်နယ်ဆားလုပ်ငန်းဌာနခွဲမှ ဦးစီးမှူး ဦးခင်ဝင်းက ပြောသည်။

"စက်တင်ဘာလ နောက်ဆုံးပတ်မှာ တောင်ကိုရီးယားနိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့တယ်။ တောင်ကိုရီးယားကို ဆားတင်ပို့ဖို့အတွက် ပို့ကုန်လိုင်စင်ဆောင်ရွက်နေတဲ့ကာလပါ"ဟု ၎င်းက ရှင်းပြသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်းကလည်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ထွက်ရှိသည့် ဆားကြမ်းတန်ချိန် ၂၀ ကို ဂျပန်နိုင်ငံသို့တင်ပို့ခဲ့ကြောင်း ဦးခင်ဝင်းကဆိုသည်။

မွန်ပြည်နယ်ရှိသံဖြူဇရပ်၊ ပေါင်၊ ရေးမြို့နယ်တို့တွင် နေလှန်းဆား အဓိကထုတ်လုပ်ကြပြီး တစ်နှစ်လျှင် နေလှန်းဆား တန်ချိန်လေးသောင်းခွဲ ငါးသောင်းခွဲခန့် ထွက်ရှိသည့်အနက် သံဖြူဇရပ်မြို့နယ်မှ အများဆုံးထွက်ရှိကြောင်း သိရသည်။ မွန်ပြည်နယ်မှထွက်ရှိသော ဆားများကို မန္တလေး လေးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**MT**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်တို့အနက် မုံရွာခရိုင်တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ရွှေဘိုရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ နှမ်စပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှမ်စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ရွှေဘိုရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ နှမ်စပါး (ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှမ်စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ (စပါး) (သစ်) တင်း ၁၀၀ လျှင်ကျပ် ၁၇၀၀၀၀၀၊ ဧည့်မထ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ဧည့်မထ (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ၂၈၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ငစိန်(ဆန်) ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရောမင်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရောမင်း (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ရောမင်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ရောမင်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နှမ်စပါး (ဒေသမျိုး) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ နှမ်စပါး (ဒေသမျိုး) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းကေရီ (၃) (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၂၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၀၀၀၀၊ ဆင်းကေရီ (၃) (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှမ်စပါး (ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နှမ်စပါး (ဆင်း-၃) (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း(စပါး) (သစ်)တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ ရောမင်း (ဆန်)(သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ရောမင်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ရောမင်း (ဆန်) (ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ပေါ်ဆန်း (စပါး) (သစ်) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပေါ်ဆန်း (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၄၀၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (ဟောင်း) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ မနောသုခ(စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ မနောသုခ (ဆန်) (သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ မနောသုခ (စပါး) (ဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ မနောသုခ (ဆန်) (ဟောင်း)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၉၀၀၀၀၀၊ ရောမင်း(ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၇၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၅၀၀၀၀၊ ပေါ်ဆန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ နှမ်စပါး ရွှေဝါထွန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၆၅၀၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ဒီဇင်ဘာလ ပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၉၅၀၀၊ မန္တလေးသို့ အိတ်ရေ ၁၄၃၀၀၊ ကချင်သို့ အိတ်ရေ ၁၀၀၅၂ အိတ်၊ မကွေးသို့ အိတ်ရေ ၂၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၂၃၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂၃၀၀၊ ချင်းသို့အိတ်ရေ ၁၆၂၇ အိတ်၊ မွန်သို့အိတ်ရေ ၂၆၁၀ စုစုပေါင်း အိတ်ရေ ၄၄၆၈၉ အိတ်၊တန်အားဖြင့် ၂၂၃၄ တန် စီးထွက်ခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၃၂၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၃၀၀၊ ကချင်သို့ အိတ်ရေ ၂၇၈၈ အိတ်၊ နေပြည်တော်သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂၃၀၀၊ မွန်သို့ အိတ်ရေ ၂၇၈၀ စုစုပေါင်း အိတ်ရေ ၄၁၈၆၈ အိတ်၊ တန်အားဖြင့် ၂၀၉၃ တန် စီးထွက် ခဲ့သည့် အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ ၂၈၂၁ အိတ်၊ တန်အားဖြင့် ၁၄၁ တန် လျော့နည်း၍ စီးထွက်ခဲ့ကြောင်း သိရသည်။



## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ မြင့်တက်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးမှုများကြသည်။

မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းမှာ နိုဝင်ဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် အရည်အသွေးအပေါ်မူတည်၍ ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀-၁၀၀၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဆောင်းရာသီတွင် ကွမ်းအထွက်နှုန်းလျော့နည်းပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးကာ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် ဒီဇင်ဘာ ၁၃**

မြိတ်ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမှုန့်တစ်တန်လျှင် ၉၀၂ ဒေါ်လာနှုန်းဖြင့် တန် ၉၅၀ (တန်ဖိုး ဒေါ်လာ သုည ဒသမ ၈၅၇ သန်း) နှင့် ငါးကြိတ်သားတစ်တန်လျှင် ၁၈၂၂ ဒေါ်လာနှုန်းဖြင့် ၂၇ တန် (တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၄၉ သန်း)တို့အား အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

### ၁၃.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၉၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လှိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၅၇၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၂၃၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၂၅၀ | | ၄၆၀၀ | ၁၆၀၀၀ | ၅၂၅၀ | ၁၃၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၀၀၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၄၇၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၂၀၀ | ၅၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၁၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၄၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၅၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟသ်ာတခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ပုသိမ် ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဟသ်ာတခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟသ်ာတမြို့နယ် ကျောင်းကွင်းကျေးရွာရှိ တောင်သူ ဦးအုန်းလွင်၏လယ်ကေ၌ ဆောင်းသီးနှံ (နေကြာ) သုံးဧကနှင့် ပိုက်ဆံလျှော်တစ်ဧက စိုက်ပျိုးပွဲအခမ်းအနားကို တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ နေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့များကို စုပေါင်းစိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးများအား ဝယ်ယူကြိတ်ခွဲသူအစုအဖွဲ့အနေဖြင့် ဆောင်ရွက်သည့် ဟသ်ာတမြို့ ကုန်းကြီးကျေးရွာရှိ စုစန္ဒာဆန်စက်သို့သွားရောက်၍ တောင်သူများမှ စပါးပြန်လည်ပေးသွင်းနေမှုများကို ကြည့်ရှုအားပေးကာ ဝယ်ယူကြိတ်ခွဲသူများ၊ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိုးစပါးရိတ်သိမ်းပြီးစီးမှု၊ အထွက်နှုန်း တိုးတက်ထွက်ရှိမှုနှင့် စပါးပြန်လည်ပေးသွင်းနေမှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး သတ်မှတ်ကာလအတွင်း အပြေအကျေ ပြန်လည်ပေးသွင်းစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟသ်ာတမြို့ မဟာအတုလသကျရုံသီဆယ်ထပ်ကြီး ရုပ်ရှင်တော်မြတ်ဘုရားကြီးပရိဝုဏ်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် သုံးပင်ကွင်းရပ်ကွက်၊ အေးမြသာယာရပ်ကွက်၊ လယ်တီကွင်းရပ်ကွက်များမှ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇဟန်းမြို့နယ်၌ ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဇဟန်းမြို့နယ် လူထုအခြေပြုဇဟိုဌာနတွင် ယနေ့ မွန်းလွဲ ၁ နာရီက ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်သည်။



အဆိုပါသင်တန်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့လဲ့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မေသန္တာက အမျိုးသားဆိုက်ဘာလုံခြုံရေးဇဟိုဌာနက ပို့ချပေးခဲ့သော ဆိုက်ဘာလုံခြုံရေး သင်ခန်းစာမှတ်စုအား ပြန်လည်ဆင့်ပွားဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းတွင် ဆိုက်ဘာလုံခြုံရေး အခြေခံနှင့် အရေးပါပုံ၊ ဆိုက်ဘာလုံခြုံရေးကိုနားလည်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှု အခင်းအကျင်း၊ တစ်ဦးချင်းလိုက်နာရမည့် ဆိုက်ဘာအလေ့အကျင့်ကောင်းများ စသည်တို့ကို ဆွေးနွေးပို့ချသည်။

သင်တန်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ၊ ဒုတိယဦးစီးမှူးများအပါအဝင် ဝန်ထမ်း ၂၈ ဦးတို့အား ပြန်လည်ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုပတ်တွင် "အငှား" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

**ထုတ်လွှင့်ပြသမည်**

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး အကယ်ဒမီ အောင်ခိုင်၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဦးရာကျော်၊ ဦးတိမ်ညွန့်၊ ဦးရွှေခဲ၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV-HD Channel မှ ဒီဇင်ဘာ ၁၆ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ " ဘယ်သူမှန်လဲ အပြိုင်ကြဲ " အစီအစဉ်သစ်ကို အပတ်စဉ် တနင်္လာနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုပတ်တွင် "၁၀ နှစ်အောက် ကလေးများကို စမတ်ဖုန်း ပေးကိုင်သင့်တယ်၊ ပေးမကိုင်သင့်ဘူး" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ စိုးရန်အောင်နှင့် အိအိလှိုင်တို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV – HD Channel မှ ဒီဇင်ဘာ ၁၇ ရက် (တနင်္လာနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမအသင်းသားများသို့ စိုက်ပျိုးရေးသွင်းအားစုများ ဒုတိယအကြိမ် ပေးအပ်

**တာချီလိတ်** ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲ နားယောင်းကျေးရွာအုပ်စု တာကြန့်စံပြကျေးရွာရှိ တာကြန့်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားများသို့ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာတို့က ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘတ်ဂျက်ငွေလုံးငွေရင်း ရန်ပုံငွေမှ အသင်းသား ၃၀ သို့ စိုက်ပျိုးရေးသွင်းအားစုများ တန်ဖိုးငွေကျပ် ၅၅၃၅၅၈၀၀ ကို ဒုတိယအကြိမ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၅ နှစ်မြောက် တက္ကသိုလ်ငွေရတု အမှတ်တရ ကျေးဇူးမော်ကွန်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်တည်ထောင်ခြင်း (၂၅)နှစ်မြောက် ငွေရတုသဘင်အထိမ်းအမှတ် စာတမ်းဖတ်ပွဲများ၊ မော်ကွန်း ကမ္ပည်းကျောက်စာတိုင်ဖွင့်ပွဲနှင့် အောင်ပွဲအခမ်းအနားများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အတွင်း၌ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ကြီး အမှူးပြုသည့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော်သြဝါဒါစရိယ သီတဂူဆရာတော်ကြီး၊ ပြည်ပနိုင်ငံများမှ သံဃရာဇာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံမှ သံဃနာယက အဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော်များ၊ ပြည်တွင်း/ပြည်ပ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)များနှင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)များ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ပသံရုံးအသီးသီးမှ သံအမတ်များနှင့် သံရုံးတာဝန်ခံများ၊ Internal & External Examiners ဆရာတော်များ၊ Internal & External Alumnus and Students များ၊ Observers များအားလည်းကောင်း။

တက္ကသိုလ်၏ ငွေရတုအထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားများအား အောင်မြင်စေရန်အတွက် ကိုယ်တိုင်တက်ရောက်လမ်းညွှန်မှုပြုခဲ့ကြပါသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် အခမ်းအနားများကျင်းပနိုင်ရေးအတွက် ပါမောက္ခချုပ်ဆရာတော်၏ သြဝါဒနှင့်အညီ ကုသိုလ်ပြု ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပါသော အခမ်းအနားများကျင်းပရေး အထောက်အကူပြု ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအသီးသီးမှ ဌာနမှူးများ၊ တိုင်း/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ မရမ်းကုန်းခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မရမ်းကုန်းခရိုင်/မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မရမ်းကုန်း ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မရမ်းကုန်းခရိုင်/ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသံဃရာဇာဆရာတော်ကြီးများ ကြိုဆို/ပို့ဆောင်ရာ၌ ကူညီပေးခဲ့ကြပါသော တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ မော်ကွန်းကမ္ပည်းကျောက်စာအလှူရှင် ဦးမိုးဦး (More CNC Factory)နှင့် ဇနီး ဒေါ်ရီရီခင်မိသားစု၊ ပဋ္ဌာလောဟာ ခေါင်းလောင်းတော် မုန်စီရွှေချအလှူရှင် ဦးကြည်စိုး (စံထက်တန်း မြန်မာမှုကုမ္ပဏီ)နှင့်ဇနီး ဒေါ်သီတာဌေးမိသားစု၊ ငွေရတု မဂ္ဂဇင်း၊ Research Paper နှင့် ၉-၁၂-၂၀၂၃ ရက်နေ့ နေ့ဆွမ်းအလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်နီနီနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက် မိသားစု၊ လေးကျွန်းသူဖောင်ဒေးရှင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူငွေများအား ထည့်ဝင်လှူဒါန်းပေးကြပါသော ပြည်တွင်း/ပြည်ပမှ အလှူရှင်ကြီးများအားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာန/အဖွဲ့အစည်းအသီးသီးမှ အလှူရှင်များ၊ Novotel Hotel နှင့် Hotel Yangon မှ General Manager များနှင့် ဝန်ထမ်းများ၊ နေ့ဆွမ်းများကို စီစဉ်ဆောင်ရွက်ပေးပါသော ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် မိသားစုများ၊ မဟာပါသာဏလိုဏ်ဂူတော် အခမ်းအနားအား ကုသိုလ်ယူ ပြင်ဆင်ပေးပါသော ဒေါ်ဝင်းမြင့်မိုး(မုဒ္ဒိုသူ)နှင့် အဖွဲ့ဝင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း ၂၅ နှစ်မြောက် တက္ကသိုလ်ငွေရတု အမှတ်တရ အထူးလှိုက်လှဲစွာ ကျေးဇူးမော်ကွန်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ တိုက်အမှတ်-(၁၂၁)၊ ဒုတိယထပ်၊ ၄-လွှာဘီ၊အကျယ်အဝန်း-(၁၂.၅ပေ x ၅၀ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တင်ဆင်ထားသော ရေ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အဝဝကို ဒေါ်ခင်ဆုမွန်[၁၃/တကန(နိုင်) ၁၄၈၁၉၄] မှတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံစွာ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး(စဉ်-၈၄၂၅) ဒေါ်စောယုဇာ(စဉ်-၉၉၀၀)**
**(တရားလွှတ်တော်ရှေ့နေများ)**
**ဖုန်း-၀၉-၂၅၄၀၄၇၆၉၅၊ ၀၉-၂၅၂၈၆၈၂၃၈**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တက်သစ်ကျေးရွာနေ ဦးအေးသောင်း[၁၂/တတန(နိုင်)၀၈၄၆၃၃]+ဒေါ်ကြည်ကြည်သန်း[၁၂/တတန(နိုင်)၁၆၇၉၁၇]တို့၏သမီး မသီသူဟန်[၁၂/တတန(နိုင်)၁၉၅၆၈၁] သည် မိဘတို့၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မသီသူဟန်နှင့်ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မသီသူဟန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသောင်း [၁၂/တတန(နိုင်)၀၈၄၆၃၃]** **ဒေါ်ကြည်ကြည်သန်း [၁၂/တတန(နိုင်)၁၆၇၉၁၇]**
**တွံတေးမြို့နယ်၊ တက်သစ်ကျေးရွာ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ လူနေရပ်ကွက်အမှတ်-၂၉၊ မြေကွက်အမှတ်(၉၆၁)၊ ဧရိယာ(၀.၀၅၅)ဧက၊(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဒေါ်စောမေ [၁၂/စခန(နိုင်)၀၀၉၆၉၅](AA-၀၈၀၉၉၅)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၆၁၊ အောင်မေတ္တာလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ဒေါ်စောမေထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၂၉၀/၂၀၂၃ဖြင့် ကိုယ်စားလှယ်စာရရှိသူ ဒေါက်တာ မောင်မောင်စော(ခ) ဦးမောင်မောင်စော [၁၂/လမန(နိုင်)၀၁၈၆၆၁]ကိုင်ဆောင်သူထံမှ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လက်ရောက် ဝယ်ယူ ပိုင်ဆိုင် လက်ရှိဖြစ်သူ ဦးဝင်းမင်းသူ နိုင်ငံသားအမှတ်-[၅/ဒပယ(နိုင်)၁၁၈၂၂၆] ကိုင်ဆောင်သူက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်)ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့ကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက ကျွန်ုပ်မိတ်ဆွေသည် အထက်ပါ ဂရန်မြေနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ကာ တရားဝင်ဝယ်ယူ လက်ရောက် ပိုင်ဆိုင်နိုင်ရန် ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သက်သက်ဇော် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၃၁)**
**LL.B, D.B.L, D.I.L, D.M.L**
**အမှတ်- ၃၂၊ ဦးဘဝင်းလမ်း၊ ၃၉ အေ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၁၁၀၃၉၊ ၀၉-၉၇၈၀၈၆၁၅၇**

---

## အမည်ပြောင်း

အဖ ဦးအောင်သူမြင့်၏ သမီး ပြည်မြို့၊ အ.ထ.က(၅) Grade-1(C)မှ “မဖူးယမုံမြင့်”အား “မမေခြူးအိမ်”ဟု ပြောင်းလဲခေါ်ပါရန်။

---

## အမည်ပြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ (ဘ)ဦးသန့်ဇင်[၁၂/ကတတ(နိုင်)၀၀၂၅၇၉]၏ သမီး မသဲနုဆွေအား မချိုဇင်သန့်ဟု ပြောင်းလဲခေါ် ဆိုပါရန်။

**မချိုဇင်သန့်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၅၊ ဦးပိုင်အမှတ် (၃၁)/၆၈ x ၆၉ ကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်သက်ဦး[၉/နထက(နိုင်)၀၅၁၃၉၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၂၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျန်ရင်းဖါ(ခ) ဦးလောက်ဖာ[၁၃/ကလတ (နိုင်)၀၂၀၉၃၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## “ကန့်ကွက်နိုင်ကြောင်း ကြေညာချက်”

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ မြစ်ပယ်လမ်း၊ အမှတ်(၂၂)နေ ဒေါ်အိအိမျိုး[၁၂/သဃက(နိုင်)၁၄၁၁၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြို့ကွက်အမှတ်-သောင်ကြီး (မ)၊ မြေကွက်အမှတ်(၈/၂၅၅ခ)၊ (၂၀ပေx၆၀ပေ) အကျယ်ရှိ ဦးချစ်သန်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ပဒေသာ(၈)လမ်း၊ အမှတ်(၂၅၅/ခ)ဟုခေါ်တွင်သော အခန်း (၁၃) ခန်းပါ နှစ်ထပ်အဆောက်အဦအား ဝယ်ယူရန် ဒေါ်အိအိမျိုးက ဆက်စပ်စာချုပ်ဖြင့် ရောင်းသူ ဒေါ်တင်တင်ဝင်း [၁၂/ဥကတ(နိုင်) ၀၈၄၆၆၄] ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်၊ အဆောက်အဦနှင့်ပတ်သက်၍ မည်သည့်အကြောင်းကြောင့် အရောင်းအဝယ်မပြုသင့်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ဒေါ်အိအိမျိုးထံသို့ ဖြစ်စေ ကန့်ကွက်လိုသူကိုယ်တိုင် မြေကွက်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ လာရောက်ပြသပြီး ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စရပ်များကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာမျိုးထက် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၃၈၈)**
**အမှတ်(၉၆)၊ (၅-ဘီ)၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ (၃၇)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၇၀၉၉၆၊ ၀၉-၇၉၉၁၁၆၁၈၃**

---

## “သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၂၅)လမ်း၊ တိုက်-၁၇၊ Block-၅၁နေ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇော်မင်း [၁၄/လမန(နိုင်)၀၀၉၄၄၈]နှင့် ဒေါ်စိုးစိုးနွယ်[၁၄/ပသရ(နိုင်)၀၈၁၆၄၉]တို့၏ သမီးဖြစ်သူ မအေးယုမွန်[၁၄/လမန(နိုင်)၀၆၆၇၈၄]သည် မိဘအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘ၏ ပြောဆိုဆုံးမမှုများအား လိုက်နာမှုမရှိခြင်းတို့အပြင်(၅-၁၀-၂၀၂၃)ရက်နေ့တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းသက်(LL.B)** | **ဒေါ်မာလာခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၇၃၄၃)** | **(စဉ်-၁၂၄၅၂)** |
| **အမှတ်(၂/၂၇၅/ခ)၊ မင်းရဲကျော်စွာလမ်း၊** | **အမှတ်(၇၅)၊ မြဝတီလမ်း၊** |
| **(၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)** | **(၁/၁၃)ရပ်ကွက်၊ လှိုင်သာယာ** |
| **မြို့နယ်။ ဖုန်း-၀၉-၄၀၁၀၇၇၁၁၄၊** | **(အရှေ့ပိုင်း)မြို့နယ်။** |
| | **ဖုန်း-၀၉-၂၅၂၈၀၆၆၄၂** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၂၀၆/ခ၊ မြေကွက်တည်နေရာအမှတ်(၂၀၆/ခ)၊ (၂၉)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်အေးရွှေ) [၁၂/ဥကတ(နိုင်)၀၈၀၆၈၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးရွှေ (မွေးစားမိခင်)နှင့်ဦးတင်လှိုင် (မွေးစားဖခင်) တို့ကွယ်လွန်သဖြင့် ကိတ္တိမသမီးအဖြစ်မွေးစားခြင်း စာချုပ်အမှတ် -၁၄၄၂၈/၂၀၁၈ (၇-၁-၂၀၁၉)ဖြင့် မွေးစားခြင်းခံရသူ ဒေါ်ယဉ်ကြည် [၁၂/ဥကတ(နိုင်)၀၈၅၅၄၇]မှ ကိတ္တိမမွေးစားသမီး တော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ် - ၁၁၅၃/၂၀၂၃(၆-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## အများသိစေရန်ကြေညာချက်

သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းစံပယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂+၅၃(နှင်းဥယျာဉ်)၊ မြေကွက်အမှတ်(၆)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်လိုင်စင် မြေအမည်ပေါက် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၈၆၁၅၈၂၂)ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူ၍ ဒေါ်ဟယ်လင်လွန်ပုမ် (၁/မကန(နိုင်)၀၅၁၆၃၆)မှ လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း လိုင်စင်မြေ အမျိုးအစားအထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့ နယ်၊ လူနေရပ်ကွက်အမှတ်-၆၊ မြေတိုင်းရပ်ကွက် အမှတ်-၆၊ မြေကွက်အမှတ်-၅၄၆၊ အကျယ်(၄၀' x ၆၀') ရှိ ဦးခင်မောင်ညွှန့် [၁၂/ဥကတ (နိုင်) ၀၅၈၁၈၁] အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ ကေတုမတီ ၁၈ လမ်း၊ အမှတ်-၅၄၆ ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ထက်ညွှန့် (ဘ) ဦးခင်မောင်ညွှန့် [၁၂/ဥကတ(နိုင်)၁၃၇၁၈၂]မှ ကာလပေါက်ဈေး တန်ဖိုးငွေဖြင့် ရောင်းချလိုပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးနိုင်ထက်ညွှန့်** | **ဦးခင်မြ (LL.B,D.B.L)** |
| **[၁၂/ဥကတ(နိုင်) ၁၃၇၁၈၂]** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **(စဉ်-၇၀၆၂/၂၉-၃-၂၀၀၂)** |
| | **တိုက်-၉၂/၂၊ ပယင်းလမ်း၊ ၂၄-ရပ်ကွက်** |
| | **သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။** |
| | **ဖုန်း-၀၉-၇၃၀၅၆၀၃၉၊ ၀၉-၇၉၇၇၆၁၆၄၃** |

---

## မမိုးစက်ဝိုင်းချို (ခ) ဂျူမိုအဟ်ဘီနှင့် အများသိစေရန်

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်မြို့နယ်၊ ရွှေလက်လှရပ်ကွက်၊ စာကုန်သည်လမ်း၊ အမှတ်(၁၅၀၅)နေ ကိုဟိန်းမင်းမောင်(ခ)စာဂျိဒ် (PME_၁၆၂၅၀၆)နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၊ ပြည်မြို့နယ်၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အမှတ်(၃၈၁)နေ ဦးသက်လွင်၏သမီး မမိုးစက်ဝိုင်းချို (ခ) ဂျူမိုအဟ်ဘီတို့သည် (၂-၆-၂၀၂၁)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြား လက်ထပ်ခဲ့ကြပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ နောက်ပိုင်းတွင် ဇနီးဖြစ်သူသည် ခင်ပွန်းတာဝန်ဝတ္တရား မကျေပြွန်သည့်အပြင် ဆိုဆုံးမမှုအား နာခံမှုမရှိခြင်းတို့ကြောင့် (၄-၁၂-၂၀၂၃)ရက်နေ့တွင် ကိုဟိန်းမင်းမောင်(ခ)စာဂျိဒ်မှ မမိုးစက်ဝိုင်းချို(ခ)ဂျူမိုအဟ်ဘီအား အများသူငှာရှေ့တွင် နှုတ်ဖြင့် သွလာက်(သုံး)ကြိမ်ပေး၍လည်းကောင်း၊ ထပ်မံ၍(၈-၁၂-၂၀၂၃)ရက်နေ့တွင် သက်သေများရှေ့၌ စာဖြင့်လက်မှတ်ရေးထိုးကာ သွလာက်(သုံး)ကြိမ်ပေး၍ လင်-မယားအဖြစ်မှ အပြီးအပြတ် အပြီးတိုင် ကွာရှင်းပြတ်စဲပေးလိုက်ပါသည်။ အဆိုပါ သွလာက်ပေးကွာရှင်းမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းကြီးထံမှလည်း (၁၃-၁၂-၂၀၂၃)နေ့စွဲဖြင့် ဓမ္မသတ် ရယူခဲ့ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ကိုဟိန်းမင်းမောင်(ခ)စာဂျိဒ်** | **ဦးမြတ်သန်းဦး{B.A(Eco:)H.G.P,D-A(1)}** |
| **အမှတ်(၁၅၀၅)၊ စာကုန်သည်လမ်း၊** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **ရွှေလက်လှရပ်ကွက်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး** | **(၀၉-၇၈၃၅၄၂၉၀၀)** |
| **(အနောက်ခြမ်း)။** | |

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု" ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး......**

(နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားမှ အမှာစကား ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

**တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ နှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက မြဝတီမြို့နယ် သင်္ကန်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်**

စာမျက်နှာ » ၁၅

**မွန်ပြည်နယ်ထွက် အဆင့်မြင့်ဆားကြမ်းကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၇

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ**

စာမျက်နှာ » ၁၈





ကျောက်တံခါး- ပိန်းဇလုပ်ဘူတာအကြား တံတားအမှတ် (၁၄၇) ရန်ကုန်ဘက်အထွက်တွင် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆)အစုန် အမြန်ရထားတိမ်းစောင်းမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် အမှတ်(၆)အစုန်လူစီးအမြန်ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး အခြားရထားများ ကြန့်ကြာမှုဖြစ်ပေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြားသို့ ယနေ့ နံနက် ၃ နာရီခွဲတွင် မိုင်တိုင်အမှတ်၊ ၁၀၄/၁-၁၀၃/၂၄ အရောက် တံတားအမှတ် (၁၄၆)နှင့် (၁၄၇) အနီးတို့၌ ရထားလမ်းအား အကြမ်းဖက်သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့၏ မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ရထားသံလမ်းပြတ်တောက်ပျက်စီးနေ၍ ရထားစက်ခေါင်းနှင့်အတူ လူစီးတွဲ သုံးတွဲ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ■



Divine အသင်းနှင့် ရန်ကုန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF Women's Futsal Championship 2023 ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

MFF Women's Futsal Championship 2023 ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၃ ရက်က MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Divine အသင်း အနိုင်ရခဲ့သည်။

နောက်ဆုံးနေ့တွင် Divine အသင်းက ရန်ကုန်လူငယ်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ Divine အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို ၂ မိနစ်တွင် အေးအေးထွေး၊ ၉ မိနစ်တွင် ဇွန်သဲဦး၊ ၁၁ မိနစ်တွင် ဖြူဖြူကျော်၊ ၂၄ မိနစ်တွင် ခိုင်သဇင်ဦး၊ ၃၅ မိနစ်တွင် ဖူးပွင့်ခိုင်နှင့် ၃၇ မိနစ်တွင် နှင်းစန္ဒာလှိုင်တို့က သွင်းယူခဲ့သည်။

ပထမအကျော့အပြီးတွင် Divine အသင်းနှင့် YRG အသင်းတို့က ခုနစ်မှတ်စီ တူညီနေသော်လည်း Divine အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ယင်းနှစ်သင်းနောက်တွင် ရန်ကုန်လူငယ်အသင်းက သုံးမှတ်ရထားကာ Burmese Bees အသင်းက လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**